# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၁၂)ရက် ၊ အင်္ဂါနေ့ ၊ (11-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Alexander Grego-ryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း မတ် ၃ ရက်မှ ၉ ရက်ထိ သွားရောက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရဲဗာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ အပြည့်အစုံမှာ-

"ကျွန်တော်တို့နိုင်ငံက ပါတီစုံဒီမိုကရေစီစနစ်ကိုသွားမှာ နံပါတ်တစ်ချက်ပေါ့။ ကျွန်တော်တို့က လွတ်လပ်ရေးရပြီးတာ ၇၇ နှစ်တာကြာခဲ့ပြီ။ ကျွန်တော်တို့မှာ ပဋိပက္ခပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ တကယ်တော့ ကျွန်တော်တို့မှာရှိတဲ့ လူသားအပါအဝင် သယံဇာတအရင်းအမြစ်တွေများစွာရှိတယ်။ ဒါတွေကို အသုံးချမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်က မုချတိုးတက်တဲ့ တိုင်းပြည်တစ်ခုဖြစ်ရမယ်။ဒီအတွက် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှုအလားအလာကို ရှာတဲ့အခါမှာ ရုရှားနိုင်ငံဟာ ကျွန်တော်တို့အတွက် ပူးပေါင်းဆောင်ရွက်မှုအလားအလာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ကျွန်တော်တို့မြင်တာပေါ့။ ရုရှားနိုင်ငံတင်မကပါဘူး။ နိုင်ငံတွေများစွာရှိပါတယ်။ သို့သော်လည်းပဲ အလျင်မြန်ဆုံးဆောင်ရွက်ပေးနိုင်မယ့် နိုင်ငံက ရုရှားနိုင်ငံဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံကို ကျွန်တော်သွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးအရ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ နိုင်ငံရေးအရ ပြည်သူတွေတောင်းဆိုတဲ့

စာမျက်နှာ ၁၉ ကော်လံ ၁

**ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များ၏ စကားသံများ**

စာမျက်နှာ- ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိစဉ် လူငယ်ကဏ္ဍ၊ မီဒီယာကဏ္ဍတို့နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်**

စာမျက်နှာ- ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၁၁ ရက်

## အယ်ဒီတာ့အာဘော်

# မြန်မာ-ရုရှား-ဘယ်လာရုစ် ချစ်ကြည်ရေးခရီးစဉ်အတွက် ဂုဏ်ယူဝမ်းမြောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတလူကာရှန်ကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့လည်းကောင်း နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်သွားရောက်ခဲ့ပြီး မတ် ၉ ရက် ညနေပိုင်းတွင်နေပြည်တော် တပ်မတော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများနှင့် ပြည်သူလူထုက လေဆိပ်၌သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့်တွေ့ဆုံဆွေးနွေးခြင်းအပါအဝင်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက်တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်ခြင်း၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ်များသို့တက်ရောက်ခြင်း၊ စိန့်ပီတာစဘတ်နှင့်နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ခြင်းအခမ်းအနားများကိုတက်ရောက်ဖွင့်လှစ်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ရုရှားနှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်စဉ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတလူကာရှန်ကော့နှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်ခြင်း၊ မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်များသို့ တက်ရောက်အမှာစကားပြောကြားခြင်းများကိုဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရားမြို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့များသို့ သွားရောက်ခဲ့ပြီး နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအား၊ ညမအားဖြင့် နိုင်ငံများအကြားစိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများတိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်ခဲ့မှုများအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငါးသလောက် ပိသာချိန် ၅၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးသလောက် ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန် အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးသလောက်တွေရဲ့ အဓိက ဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀၊ အလတ် တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိသာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး)တည်ဆောက်ရေးစီမံကိန်းနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်သွားရောက်ကြည့်ရှု



**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မတ် ၉ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး)ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ကို တာဝန်ရှိသူများက ဈေးကြီးအတွက် လျှပ်စစ်ဓာတ်အား လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေမှု၊ LED Board တပ်ဆင်သွားမည့်အစီအစဉ်များ၊ အဆောက်အအုံအပြင်နှင့်အတွင်း အလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်စီစဉ်နေမှုများကို ရှင်းလင်းတင်ပြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် ပြီးမြောက်ရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက်အလေးထားကာ ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းပြောကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများနှင့် ဈေးကြီးမှ ထွက်ရှိမည့် စွန့်ပစ်ရေထွက်ကြောင်းများအတွက် လမ်းဖြတ်ရေမြောင်း တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး ကန်တော်ကြီးဥယျာဉ်၏ ခြံစည်းရိုးများကို စနစ်တကျပြန်လည်ကာရံဆောင်ရွက်နေမှု၊ ကန်အမှတ်(၃)ရှိ သစ်သားတံတားကို ပျဉ်းကတိုးသစ်မာများဖြင့် သကြံန်မတိုင်မီ အပြီးပြန်လည်ပြင်ဆင်ခင်းကျင်းနေမှု၊ ဥယျာဉ်အတွင်းရှိ ဂင်ဂိုပင်(ကမ္ဘာဦးပင်) ပတ်လည်တွင် မြေယာရှုခင်းအလှနှင့် လျှောက်လမ်းဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သတင်းစာဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် သတင်းစာဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟို(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးသိန်းအေးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး(၁)ဦးရဲရင့်စိုးညွန့်နှင့် ဗဟိုအတွင်းရေးမှူး(၂) ဦးငွေလင်း တို့က ဗဟိုကော်မတီအစည်းအဝေးမှ ချမှတ်ထားသောလုပ်ငန်းစဉ်များ၏ သက်ဆိုင်ရာ အပိုင်းကဏ္ဍများအလိုက်ကို လည်းကောင်း၊ ၂၀၂၅-၂၀၂၈ မြန်မာနိုင်ငံသတင်းစာဆရာ အသိအမှတ်ပြုကတ်ပြား ပြုလုပ်ရန်အတွက် ဗဟိုသို့ သတင်းပို့လာသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်အသင်းများဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာဆရာကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးကျင်မောင်က မြို့နယ်ဖွဲ့စည်းရခြင်း အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်-၂ ဦးကျော်မိုးကြည်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်၊ ဗဟိုတွဲဖက်စာရင်းစစ်မှူး ဒေါ်အေးအေးစိုး၊ မြို့နယ် အလုပ်အမှုဆောင်များ၊ မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလှိုင်မင်းအောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(၁၅၂)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ မှန်တန်းတိုးချဲ့(၁) ဦးကျော်ငွေဝင်း-ဒေါ်ထွေးထွေးမာ မိသားစုက မောင်မြသန်းငွေ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

## ဓနုဖြူမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ



**ဓနုဖြူ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညို က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် မတ်လပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၂၅၀၀ မှ ပိဿာချိန် ၄၅၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေပါတယ်။ လက်ရှိတိုင်ထောင်ပဲသီး ပိဿာချိန် ၄၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီက ကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးအဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်းပိုမိုအဆင်ပြေလာပါတယ်"ဟု ဓနုဖြူမြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များ သာရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် အကျိုးကျေးဇူးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မြောင်မြို့နယ်တွင် ဝါသီးနှံ ၄၆၇၆ ဧက ရာနှုန်းပြည့်သိမ်းဆည်းပြီးစီး တစ်ဧကလျှင် ၅၂၅ ဒသမ ၅၉ ပိဿာထွက်ရှိ

**မြောင် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဝါသီးနှံ ၄၆၇၆ ဧက ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၂၅ ဒသမ ၅၉ ပိဿာထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၄၆၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဝါစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစ၍ ယနေ့ထိ ရာနှုန်းပြည့်သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၂၅ ဒသမ ၅၉ ပိဿာ ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဝါသီးနှံဧက ၄၆၇၆ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ဝါခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူတွေ လွယ်ကူစွာစိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃ သိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်းသုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝါသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း- ၂၉)

**ပါမောက္ခကိုကိုအောင်**



ထုံးသည် အပင်၏ အစာဖြစ်သည့် ပိုတက်စီယမ်ကဲ့သို့သော ဒြပ်စင်များကို အပင်က ယူငင်အသုံးပြုနိုင်သည့် အခြေအနေသို့ရောက်ရှိအောင် ဖြိုခွဲပေးသည်။ ထိုကဲ့သို့ ဖြိုခွဲပေးနိုင်ခြင်းမှာ ထုံး၌ပါရှိသည့် ကယ်လ်စီယမ်က မြေဆီလွှာထဲရှိ အရည်မပျော်နိုင်သော ဒြပ်ပေါင်းများတွင်ပါရှိသည့် ပိုတက်စီယမ်နှင့် နေရာချင်းလဲလှယ်လိုက်သောကြောင့် ဖြစ်သည်။ ဤနည်းအားဖြင့် အပင်များက ယူငင်သုံးစွဲ၍မရသော မြေဆီလွှာအတွင်းရှိ အစာများကို အပင်များက စုပ်ယူစားသုံးနိုင်အောင် ထုံးက ပြုပြင်ထုတ်လုပ်ပေးသည်။

ဂျစ်ပဆမ် ခေါ် ကယ်လ်ဆီယမ်ဆာလဖိတ်၊ အိမ်သုံးဆားနှင့် ကန့်တို့ကလည်း မြေဆီလွှာကိုပြုပြင်ရာ၌ ကူညီစွမ်းဆောင်ပေးနိုင်ကြသည်။ သို့ရာတွင် ထုံး ကဲ့သို့အစွမ်းအာနိသင်မထက်မြက်ကြသည့်အပြင် ကြာရှည်ခံခြင်းလည်း မရှိသောကြောင့် စီးပွားဖြစ်သုံးစွဲရန် မသင့်ပေ။ လယ်ယာမြေသြဇာချထားသော မြေဆီလွှာထဲသို့ထုံးကိုအလုံအလောက်ထည့်ပေးမည်ဆိုပါက ၎င်းမြေဆီလွှာသည် မြေသြဇာထက်သန်ကောင်းမွန်လာသည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထုံးဖြည့်စွက်ထားသော လယ်ယာမြေသြဇာထဲရှိ ဒြပ်ပေါင်းများသည် ထပ်မံဖြိုခွဲစရာမလိုတော့လောက်သည်ထိ အပြီးတိုင် ပြိုကွဲသွားနိုင်သည့်အတွက် ထိုကဲ့သို့ပြိုကွဲမှုကြောင့် ဖြစ်ပေါ်လာသော ဓာတ်ပစ္စည်းများကလည်း သီးနှံပင်များအတွက် အလွန်အဖိုးတန်သောပစ္စည်းများ ဖြစ်လာကြသည်။

သစ်စိမ်းမြေသြဇာကို သုံးစွဲရာ၌လည်း ထုံးကို ချပေးရန် လိုအပ်မည်ဖြစ်ပြီး အထက်ပါနည်းလမ်းအတိုင်းသည် မြေဆီလွှာကို မြေသြဇာပိုမိုထက်သန်ကောင်းမွန်လာစေလိမ့်မည် ဖြစ်သည်။ လူတို့ဖန်တီးထားသည့် အခြားသောဓာတ်မြေသြဇာများကို စိုက်ခင်းများ၌ ကြဲပက်အသုံးပြုကြရာတွင်လည်း မြေဆီလွှာတွင် ထုံးဓာတ်မရှိပါက ထင်သလောက် ခရီးမရောက်ဘဲ အကျိုးကျေးဇူး ခံစားရရှိမှုကို လျော့နည်းစေနိုင်သည်။

မြေဆီလွှာထဲသို့ ထုံးချပေးရာ၌ ၎င်းမြေဆီလွှာ၏ အချဉ်ဓာတ် အနည်းအများအပေါ်မူတည်ပြီး ထုံးကို ချင့်ချင့်ချိန်ချိန်ဖြင့်သုံးစွဲရန် လိုအပ်သည်။ ထိုကဲ့သို့ ချင့်ချိန်၍ချပေးရသော ထုံး၏ပမာဏသည် မြေဆီလွှာအတွက်လိုအပ်သော ထုံး၏အတိုင်းအဆပင် ဖြစ်သည်။ မြေဆီလွှာအတွင်းသို့ ချထားသော ထုံး၏ ပမာဏမှာ ယေဘုယျအားဖြင့် အလွန်များပြားသည်ဟု ဆိုနိုင်သည်။ သာဓကအားဖြင့်ဆိုရလျှင် စိုက်ပျိုးမြေ တစ်ဧကအတွက် ချပေးရမည့် ဖောက်ထုံးသည် ပေါင် ၅၀၀ မှ ပေါင် ၂၅၀၀ ခန့်ဖြစ်ပြီး သာမန်ထုံးကျောက်ဆိုလျှင်မူ ပေါင် ၂၀၀၀ မှ ပေါင် ၄၀၀၀ အထိပင်ဖြစ်သည်။

ထုံး၏ သဘောသဘာဝက ထုံးသားပို၍ ညက်လေ အစွမ်းကပို၍ထက်မြက်လာလေဖြစ်သည်။ ထို့ကြောင့် ပင် ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို စနစ်တကျဆောင်ရွက်ကြသည့် စိုက်ပျိုးရေးသမားတို့က ထုံးမှုန့်အကြမ်းထက် ညက်ညောသောထုံးမှုန့်ကို ပို၍ဦးစားပေးကာ သုံးစွဲလေ့ရှိကြသည်။ ထုံးကျောက်ကို အမှုန့်ကြိတ်ရာတွင် ကုန်ကျစရိတ်များပြားသည့်အတွက် ဆိုင်များ၌ရောင်းချကြသော ထုံးကျောက်မှုန့်များမှာ မှုန့်ညက်၍မနေဘဲ အသင့်အတင့်မျှသာ ညက်သည်ကို တွေ့ရှိနိုင်သည်။

မြေဆီလွှာပေါ်သို့ ထုံးချပေးရာတွင် ညီညီညာညာဖြင့် ပြန်ကြဲပျံ့နှံ့သွားစေရန်အတွက် ထုံးမှုန့်ချကိရိယာကိုအသုံးပြုနိုင်ပါက မြေဆီလွှာ၏အာနိသင်ထက်မြက်လာစေရေးအတွက် အကောင်းဆုံးပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ကောက်ပဲသီးနှံစိုက်ခင်းအများစုတို့တွင် မြေဆီလွှာပေါ်သို့ ထုံးချပေးရာ၌ ထွန်ယက်ထားပြီးစ စိုက်ခင်းမြေပေါ်၌သာ ချထားပေးလေ့ရှိသည်။ ပျိုးခင်းပြုလုပ်ရန်အတွက် ထုံးက လယ်ယာစိုက်ပျိုးမြေများ၏ ချွတ်ယွင်းချက်နှင့် အားနည်းချက်များကို ပြုပြင်ပေးနိုင်စွမ်းရှိသည်။ ဓာတ်မြေသြဇာကမူ အပင်အတွက် လိုအပ်သောအစာများကို ဖြည့်စွက်ပေးနိုင်စွမ်းရှိသည့်အတွက် ကောက်ပဲသီးနှံပင်များတွင် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည်။ ကျန်နေရာတွင် လယ်ယာစိုက်ပျိုးမြေကိုပြုပြင်သည့်အခါ ထုံးချထားလေ့ရှိကြသည့်အတွက် ထိုကဲ့သို့ ချထားသောထုံးက အချိန်တန်သော် မြေဆီလွှာထဲသို့ပင် ရောက်ရှိသွားရသည်။ ယေဘုယျအားဖြင့် ထုံးချပေးသည့်အချိန်နှင့် ထုံးချပုံနည်းစနစ်တို့မှာ ကောက်ပဲသီးနှံတို့၏ အခြေအနေနှင့် စိုက်ပျိုးရေးလုပ်သားတို့၏ လုပ်အားပေါ်တွင် မူတည်ကာ လုပ်ပုံလုပ်နည်းတို့ကလည်း ကွဲပြားခြားနားလျက်ရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် မြေဆီလွှာပြုပြင်ရေးနှင့် မြေသြဇာ ထက်သန်ကောင်းမွန်စေရေးတို့အတွက် သုံးစွဲရသည့် မြေဆီလွှာအားဖြည့်ပစ္စည်းများကို အဓိကအားဖြင့် လေးမျိုးခွဲခြားထားရှိသည်။ ၎င်းလေးမျိုးမှာ သစ်စိမ်းမြေသြဇာ၊ လယ်ယာမြေသြဇာ၊ ထုံးနှင့် ဓာတ်မြေသြဇာတို့ ဖြစ်ကြသည်။ ဤနေရာတွင် သစ်စိမ်းမြေသြဇာနှင့် လယ်ယာမြေသြဇာတို့က အပင်၏ကြီးထွားဖွံ့ဖြိုးမှုအတွက် တိုက်ရိုက်သာမကဘဲ သွယ်ဝိုက်၍ပါ အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ လယ်ယာမြေသြဇာသည် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် အထူးပင်သင့်မြတ်လျော်ကန်သော မြေဆီလွှာအားဖြည့်ပစ္စည်း ဖြစ်သည်။

မြေသြဇာ၏တန်ဖိုးကို ငွေပမာကိန်းဂဏန်းဖြင့်ဖော်ပြရန် ခဲယဉ်းလိမ့်မည်ဖြစ်သည်။ အကြောင်းကမူ လယ်ယာမြေသြဇာများသည် လယ်ယာမြေနှင့် ကောက်ပဲသီးနှံစိုက်ခင်းများကို အဘက်ဘက်က ပြောင်းလဲတိုးတက်လာစေသည့်အပြင် မြေဆီလွှာထဲရှိ မြေသြဇာများကိုလည်း ကာလကြာရှည်စွာ ထက်သန်ကောင်းမွန်စေလျက် ရှိသောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် လယ်ယာမြေသြဇာ၏ အစွမ်းသတ္တိက မြေဆီလွှာ၏ အခြားသောအခြေအနေတို့နှင့်လည်း အလွန်ရှုပ်ထွေးစွာ ဆက်စပ်လျက်ရှိနေသည်။ ဓာတ်မြေသြဇာများ၌မူ အပင်များက အသုံးပြုနိုင်သော၊ အပင်များက လိုအပ်နေသော အပင်စာများ ပါရှိနေသည့်အတွက် ကောက်ပဲသီးနှံပင်များက ချက်ချင်းလက်ငင်း ယူငင်အသုံးပြုနိုင်ကြသည်။ သို့ရာတွင် အပင်စာများ ကုန်ခန်းသွားပါက အစွမ်းသတ္တိ လုံးဝမရှိတော့ပေ။

ထို့ကြောင့်ပင် ဓာတ်မြေသြဇာတို့၏ တန်ဖိုးကို ကောက်ပဲသီးနှံအထွက်နှုန်းဖြင့် တိုက်ရိုက်တွက်ချက်ရယူနိုင်သည်။ ထိုကဲ့သို့သော သဘောသဘာဝကြောင့်ပင် ကမ္ဘာတစ်ဝန်းလုံး၌ ဓာတ်မြေသြဇာ အလေးချိန်တစ်တန်လျှင် အမေရိကန်ဒေါ်လာမည်ရွေ့မည်မျှ သို့တည်းမဟုတ် ဗြိတိသျှပေါင် မည်ရွေ့မည်မျှ သို့တည်းမဟုတ် ယူရိုငွေကြေး မည်ရွေ့မည်မျှ စသည်ဖြင့် တန်ဖိုးသင့်တွက်ချက်ပြီး အရောင်းအဝယ်ပြုလုပ်နေကြခြင်းဖြစ်သည်။ ဓာတ်မြေသြဇာ၏ တန်ဖိုးမှာ ၎င်းဓာတ်မြေသြဇာတွင် ပါဝင်သည့် နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့် ပိုတက်စီယမ်တို့၏ ပမာဏပေါ်တွင်သာ မူတည်လျက် ရှိနေပေသည်။

**❖မြေဆီလွှာအားဖြည့်ပစ္စည်းများကို အဓိကအားဖြင့် လေးမျိုးခွဲခြားထားရှိသည်။ ၎င်းလေးမျိုးမှာ သစ်စိမ်းမြေသြဇာ၊ လယ်ယာမြေသြဇာ၊ ထုံးနှင့် ဓာတ်မြေသြဇာတို့ဖြစ်ကြသည်။ ဤနေရာတွင် သစ်စိမ်းမြေသြဇာနှင့် လယ်ယာမြေသြဇာတို့က အပင်၏ကြီးထွားဖွံ့ဖြိုးမှုအတွက် တိုက်ရိုက်သာမကဘဲ သွယ်ဝိုက်၍ပါ အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ လယ်ယာမြေသြဇာသည် အထက်တွင်ဖော်ပြခဲ့သကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် အထူးပင်သင့်မြတ်လျော်ကန်သော မြေဆီလွှာအားဖြည့်ပစ္စည်းဖြစ်သည်။ ❖**

---

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၆၆၇ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မြောင်းမြ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၆၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၅၀၈၆ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၇၆၆၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

''အိမ်မဲမြို့နယ်မှာ စပါးဧက ၇၅၀၀၀ ကျော်ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိစပါးဧက ၇၆၆၆၇ ထိ ကျော်လွန်ပြီးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ အခက်အခဲမရှိဘဲ စိုက်ပျိုးနိုင်ဖို့စိုက်ပျိုးရေး ဦးစီးဌာနနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ စိုက်ပျိုးနိုင်တာပါ။ ဒါ့ပြင် စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် စပါးများစိုက်ပျိုးရာတွင် ပေါ် ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 GW-1၊ မနောသုခ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတုံး စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



စပါးကို အရည်အသွေးနှင့်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကောလင်းခရိုင်တွင် ကုလားပဲ ကေအားလုံးရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၂ ဒသမ ၃၆ တင်း ထွက်ရှိ



ကောလင်း မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ကုလားပဲကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၂၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ကောလင်းမြို့နယ်တွင် ၇၂၀၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ၇၂၂၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၃၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ကုလားပဲ ၇၂၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ကုလားပဲသီးနှံတွေ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာကုလားပဲသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းကပြောပြ၍ သိရသည်။ (၂၀၆)

## ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း မနောသုခ စပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဟသ်ာတ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း မနောသုခ စပါးအမျိုးအစား တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လင်းလင်းကပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ယခုနှစ် ဇန်နဝါရီလအတွင်းက မနောသုခစပါး အမျိုးအစား တင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း မနောသုခစပါးအမျိုးအစား တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း မနောသုခစပါး တင်းရေ တော်တော်များများ ရန်ကုန်ဈေးကွက်ဘက်တင်ပို့ရောင်းချခဲ့ရပါတယ်။ မနောသုခစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလဲ ကောင်းမွန်နေပါတယ်။ မနောသုခစပါး အမျိုးအစားကိုရန်ကုန်ဈေးကွက်ကအခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ရော ရေလမ်းနဲ့ပါ အဆင်ပြေသလို တင်ပို့ ရောင်းချနေပါတယ်"ဟု ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လင်းလင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခစပါး အမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။ ကျော်ကျော်လင်း

## မအူပင်သို့ လွမ်းလက်ဆောင်

- အတော်ဝေးသော်လဲ
မျှော်ငေးကာ မြင်နိုင်ပါရဲ့
ဆိပ်ကမ်းသာ ရောင်စုံမီးတွေနဲ့
ထိန်ညီး ဝေဝေဆာနဲ့
လှေနာဝါ စုန်ဆန်ကူးတဲ့ပြင်
ရေပြာမှာ ဗေဒါဖူးတွေနဲ့
ကြည်နူးဖွယ် မအူပင်။

- မကြာသေးပါဘူး
စာရေးနေဉ် အတွင်မှာလို့
ပါးပြင်မှာ မျက်ရည်စက်တွေနဲ့
နှုတ်ဆက်ရာ ဖော်တစ်သင်းကိုလဲ
စိတ်တွင်းမှာ မြင်။

- ကမ်းစပ်မှာ အသွင်ထူးပါတဲ့
ပေါ်တော်မူ စေတီဦးကိုလဲ
ညွတ်နူးစွာ ဦးနှိမ်ချပါလို့
ဖူးရသည် တစ်ကိုယ်ငယ်မို့
အလိုကွယ် မျိုင်းဖြူတစ်သင်းရယ်က
ရိုင်းပင်းသယောင် တေးတျာနှောလေမှ
သဘော်က ထွက်ဖို့ပြင်
ကိုယ့်အမြင်က မှုန်ရီဝါး။

- ကျွန်းနုမြေ လွမ်းသူ့ဆွေ မခွာချင်လဲ
တာဝန်ပင် ပခာနပေမို့
ကျရာမြေ စေသည့်စခန်းဆီသို့
ကျေပွန်အောင် အရောက်လှမ်းမယ်ပေါ့
စိတ်ဝမ်း သည်လိုဖြေလို့
ကိုယ့်ချစ်ဆွေ မာစေကြောင်းကိုဖြင့်
ဆုတောင်းအခါခါနှင့်
ကဗျာခြွေ စာခွေညှန်းရတယ်
လွမ်းလက်ဆောင်ပါး။ ။

မြင်းမူမောင်နိုင်မိုး

# နိုင်ငံတကာ သတင်းများ

## ဗဟိုဘဏ်ဥက္ကဋ္ဌ မာ့ခ်ကာနေး လစ်ဘရယ်ပါတီခေါင်းဆောင်ရွေးပွဲ၌ အနိုင်ရ

**အော့တဝါ မတ် ၁၀**

ကနေဒါ၏လက်ရှိ အာဏာရ ပါတီဖြစ်သည့် လစ်ဘရယ်ပါတီ ခေါင်းဆောင်ရွေးပွဲတွင် ကနေဒါ ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း မာ့ခ်ကာနေးက အနိုင်ရရှိခဲ့ကြောင်း မတ် ၉ ရက်သတင်းများတွင် ဖော်ပြထားသည်။

အသက် ၅၉ နှစ်အရွယ် ကာနေးသည် မတ် ၉ ရက်က ကျင်းပခဲ့သည့် လစ်ဘရယ်ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲတွင် ထောက်ခံမဲ ၈၆ ရာခိုင်နှုန်းထိ ရရှိခဲ့ကြောင်းသိရသည်။

လစ်ဘရယ်ပါတီခေါင်းဆောင်ရွေးချယ်ပွဲ၌ အနိုင်ရရှိခဲ့သော မာ့ခ်ကာနေးသည် ကနေဒါဝန်ကြီးချုပ်ရာထူးကို လက်ရှိဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးထံမှ ရယူမည်ဖြစ်သည်။

ကနေဒါနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေချိန်တွင် ဝန်ကြီးချုပ်ရာထူး ရယူရမည့် မာ့ခ်ကာနေးအနေဖြင့် မကြာမီကာလအတွင်း အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

ကနေဒါဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံအား ကိုးနှစ်ကြာဦးဆောင်ခဲ့သော ဂျပ်စတင်ထရူးဒိုးက ယခုနှစ် ဇန်နဝါရီလအတွင်းက ကြေညာထားပြီးဖြစ်သည်။

ထို့ကြောင့် လစ်ဘရယ်ပါတီအနေဖြင့် ဝန်ကြီးချုပ်ဂျပ်စတင်ထရူးဒိုး၏နေရာ၌ အစားထိုးတာဝန်ယူရမည့် ဝန်ကြီးချုပ်သစ်ရွေးချယ်ရေးအတွက် ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




## ရုရှားနိုင်ငံက ဗြိတိန်သံတမန် နှစ်ဦးကို သူလျှိုပြုလုပ်မှုစွပ်စွဲချက်ဖြင့် နိုင်ငံမှ နှင်ထုတ်

**မော်စကို မတ် ၁၀**

ရုရှားနိုင်ငံက ဗြိတိန်သံတမန်နှစ်ဦးကို သူလျှိုပြုလုပ်မှုစွပ်စွဲချက်ဖြင့် နိုင်ငံမှ နှင်ထုတ်ထားကြောင်းရုရှားမီဒီယာများကယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သူလျှိုများအဖြစ်စွပ်စွဲခံထားရသော ဗြိတိန်နိုင်ငံသားနှစ်ဦးကို ရုရှားနိုင်ငံမှ ရက်သတ္တနှစ်ပတ်အတွင်း ထွက်ခွာရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါ ဗြိတိန်သံတမန်နှစ်ဦးသည် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပုံစံချရေးအတွက် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆွေးနွေးပွဲများ စတင်နိုင်ခဲ့ပြီးနောက် ရုရှားနိုင်ငံမှ နှင်ထုတ်ခံခဲ့ရသော ပထမဆုံးသော အနောက်အုပ်စုနိုင်ငံများမှ သံတမန်များဖြစ်ကြကြောင်း သိရသည်။

ဗြိတိန်သံတမန်နှစ်ဦးအား ရုရှားနိုင်ငံက သူလျှိုမှုဖြင့် နှင်ထုတ်ထားမှုနှင့်ပတ်သက်၍ ရုရှားနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ဗြိတိန်နှင့် ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေးမှာ ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ စစ်အေးတိုက်ပွဲကာလနောက်ပိုင်း အဆိုးဆုံးအဆင့်သို့ရောက်ရှိခဲ့သည်။

ဗြိတိန်နိုင်ငံသည် ယူကရိန်းစစ်ပွဲကာလတစ်လျှောက် ယူကရိန်းကို စစ်ရေးနှင့် နိုင်ငံရေးအရ အားပေးကူညီခဲ့သည့် အနောက်အုပ်စုနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နီပေါဘုရင်ဟောင်း ဂျန်နန်ဒရာရှား ခတ္တမန္ဒူမြို့သို့ ရောက်ရှိ ဘုရင်စနစ်ထောက်ခံသူ ရာပေါင်းများစွာတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြ



**ခတ္တမန္ဒူ မတ် ၁၀**

နီပေါဘုရင်ဟောင်း ဂျန်နန်ဒရာရှားသည် ခတ္တမန္ဒူမြို့တော်သို့ မတ် ၉ ရက်တွင် ရောက်ရှိလာခဲ့ရာ ဘုရင်စနစ်ထောက်ခံသူ ရာပေါင်းများစွာတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

လူဦးရေ ၁၆၀၀၀ ကျော်သေဆုံးခဲ့ရသော ၁၀ နှစ်ကြာ ပြည်တွင်းမတည်ငြိမ်မှုများကို အဆုံးသတ်ရေးအတွက် ရယူထားသည့် ငြိမ်းချမ်းရေး သဘောတူညီချက်အရ နီပေါလွှတ်တော်သည် ၂၀၀၈ ခုနှစ်က ဘုရင်စနစ်ကိုဖျက်သိမ်းခဲ့သည်။

သို့ရာတွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ အဂတိလိုက်စားမှုပြဿနာများ၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းလာမှုပြဿနာ ရင်ဆိုင်နေရသည့် နီပေါနိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း ဘုရင်စနစ်ပြန်လည်ထားရှိရေးထောက်ခံသူများ အားကောင်းလာခဲ့သည်။

နီပေါနိုင်ငံအလယ်ပိုင်းသို့ ခရီးထွက်ခွာနေသော နီပေါဘုရင်ဟောင်း ဂျန်နန်ဒရာ ရှားသည် မတ် ၉ ရက်တွင် ခတ္တမန္ဒူမြို့တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ဘုရင်စနစ်ထောက်ခံသူများက ကြိုဆိုခဲ့ကြသည်။

အသက် ၇၇ နှစ်အရွယ် နီပေါဘုရင်ဟောင်း ဂျန်နန်ဒရာရှားသည် ဘုရင်စနစ် ဖျက်သိမ်းခံခဲ့ရပြီးနောက်ပိုင်း နီပေါနိုင်ငံရေးလောကနှင့် ပတ်သက်ဆက်နွှယ်မှုမလုပ်ခဲ့ခြင်းဖြစ်သည်။

မတည်ငြိမ်မှုများ၏ ပြဿနာအရင်းခံမှာ ဘုရင်စနစ်သာဖြစ်ရာ နီပေါနိုင်ငံသည် ဘုရင်စနစ်ကို ပြန်လည်ထားရှိနိုင်ခြေမရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရန်၊ ရုရှားနှင့် တရုတ်ရေတပ်သင်္ဘောများ အီရန်ကမ်းလွန်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်မည်

**တီဟီရန် မတ် ၁၀**

အီရန်၊ ရုရှားနှင့် တရုတ်ရေတပ်တို့မှ စစ်သင်္ဘောများသည် ယခုရက်သတ္တပတ်အတွင်း အီရန်ကမ်းရိုးတမ်းကမ်းလွန်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း အီရန်မီဒီယာများက မတ် ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အီရန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်များအတွင်း အလားတူ စစ်ရေးလေ့ကျင့်မှုများအား ပင်လယ်ကွေ့ဒေသတွင် ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

အီရန်၊ ရုရှားနှင့် တရုတ် သုံးနိုင်ငံပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုများကို အီရန်အရှေ့တောင်ပိုင်း ချာဘာဟာ ဆိပ်ကမ်းနယ်မြေ၌ မတ် ၁၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုများတွင် အီရန်ရေတပ်မှ စစ်သင်္ဘောများနှင့် တရုတ်နှင့် ရုရှားရေတပ်တို့မှစစ်သင်္ဘောများ၊ တိုက်သင်္ဘောများနှင့် ထောက်ပို့သင်္ဘောများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွင်း အဇာဘိုင်ဂျန်၊ တောင်အာဖရိက၊ အိုမန်၊ ကာဇက်စတန်၊ ပါကစ္စတန်၊ ကာတာ၊ အီရတ်၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် သီရိလင်္ကာရေတပ်တို့မှ တာဝန်ရှိသူများလည်း လေ့လာသူအဖြစ် ပါဝင်မည်ဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်ရေတပ်သည် ပြီးခဲ့သည့်လကလည်း ချာဘာဟာဆိပ်ကမ်းနယ်မြေ၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘလစ်စတစ်ဒုံးကျည်များ မြောက်ကိုရီးယားစမ်းသပ်ပစ်လွှတ်

**ပြုံယမ်း မတ် ၁၀**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ဘလစ်စတစ်ဒုံးကျည်များ ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား တပ်မတော်၏ အဆိုအရ မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် အနောက်ဘက်ဒေသမှတစ်ဆင့် ပင်လယ်ဝါရေပြင်အတွင်း ဘလစ်စတစ်ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။



အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဝေဖန်ခဲ့ပြီး နာရီပိုင်းအကြာမှာပင် မြောက်ကိုရီးယား အစိုးရက ဘလစ်စတစ်ဒုံးကျည် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဒုံးကျည်စမ်းသပ်မှုသည် အမေရိကန်သမ္မတရာထူးကို ဒေါ်နယ်ထရန့် ရယူခဲ့ပြီးနောက်ပိုင်း မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည့် ပထမဆုံး ဘလစ်စတစ်ဒုံးကျည်စမ်းသပ်မှုဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယား နိုင်ငံတို့သည် ဖရီးဒမ်းရှီးလ်အမည်ရှိ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယနေ့တွင် စတင်နေပြီဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မှတ်ယူထားပြီး လက်နက်စမ်းသပ်မှုများဖြင့် တုံ့ပြန်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက နျူထရွန်ဒုံးပျံသစ်ကို ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပထမဆုံးလွှတ်တင်ရန် စီစဉ်ထား



**ဝါရှင်တန် မတ် ၁၀**

အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီသည် နျူထရွန်အမည်ရှိ ဒုံးပျံသစ်ကို ယခုနှစ် ဒုတိယနှစ်ဝက်ကာလအတွင်း ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

နျူထရွန်ဒုံးပျံသည် Rocket Lab ကုမ္ပဏီ၏ ပထမဆုံးသော အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံအမျိုးအစားဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် နျူထရွန်ဒုံးပျံအသစ်ကို ယခုနှစ် ဒုတိယနှစ်ဝက်တွင် လွှတ်တင်၍ ပင်လယ်ပြင်၌ ပြန်လည်ဆင်းသက်စေမည်ဖြစ်ကြောင်း Rocket Lab ကုမ္ပဏီမှ သတင်းထုတ်ပြန်ထားသည်။

Rocket Lab ကုမ္ပဏီသည် နျူထရွန်ဒုံးပျံ၏ ဆင်းသက်ဇရိယာအဖြစ် တွဲသင်္ဘောတစ်စင်းကို အသုံးပြုရန် စီစဉ်ထားသည်။

Rocket Lab ကုမ္ပဏီသည် လက်ရှိအချိန်တွင် အီလက်ထရွန်အမည်ရှိ ဒုံးပျံဖြင့် ဂြိုဟ်တုများကို လွှတ်တင်ပေးလျက်ရှိသည်။

Rocket Lab ကုမ္ပဏီသည် အီလက်ထရွန်ဒုံးပျံဖြင့် ဂြိုဟ်တု အသေးစား လွှတ်တင်ရေးဈေးကွက်၌ အောင်မြင်မှုအထိုက်အလျောက်ရထားသော ပုဂ္ဂလိကအာကာသကုမ္ပဏီဖြစ်သည်။

Ref : Sputnik News

Trs : KKO

## နာဆာ၏ လကမ္ဘာကင်းထောက် အယ်လ်အာရ်အိုအာကာသယာဉ်က Blue Ghost လဆင်းယာဉ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လကမ္ဘာကင်းထောက်အာကာသယာဉ်အယ်လ်အာရ်အိုက မကြာသေးမီက လပေါ်သို့ ဆင်းသက်ခဲ့သော Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

နာဆာ၏ အယ်လ်အာရ်အိုအာကာသယာဉ်သည် Blue Ghost လဆင်းယာဉ်ကို အင်န်အေစီအမည်ရှိ ကင်မရာစနစ်ကို အသုံးပြု၍ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အယ်လ်အာရ်အိုအာကာသယာဉ်သည် လမျက်နှာပြင်နှင့် ၁၀၉ မိုင်အကွာမှတစ်ဆင့် Blue Ghost လဆင်းယာဉ်ကို



ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် လကမ္ဘာပေါ်ရှိ မာရီခရီဆီယမ်လွင်ပြင်ပေါ်သို့ မတ် ၂ ရက်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် Blue Ghost လဆင်းယာဉ်သည် လကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြုလုပ်နေပြီဖြစ်သည်ဟု Firefly Aerospace ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်၏ မစ်ရှင်သက်တမ်းမှာ လကမ္ဘာတစ်ရက်တာကာလ၊ ကမ္ဘာမြေကာလအားဖြင့် ၁၄ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာ၏ SPHEREx အာကာသရေဒီယိုတယ်လီစကုပ်လွှတ်တင်မည့်အစီအစဉ် ရွှေ့ဆိုင်း

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သည် SPHEREx အာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းထားကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။



နာဆာအဖွဲ့သည် မူလက SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို မတ် ၉ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန် -၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဖယ်လ်ကွန် - ၉ ဒုံးပျံကို စစ်ဆေးမှုများပြုလုပ်ရန်အတွက် SPHEREx အာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်ရက်ကို နာဆာနှင့် Space-X ကုမ္ပဏီတို့က ကြေညာခြင်းမရှိသေးကြောင်း၊ SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် SPHEREx အာကာသရေဒီယိုတယ်လီစကုပ်နှင့်အတူ PUNCH အမည်ရှိ လေးစင်းတွဲဂြိုဟ်တုစနစ် တစ်ခုကိုလည်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## တစ်ညအိပ်စက်ချိန် ၇ ဒသမ ၇ နာရီအောက်ရှိသည့် ဆယ်ကျော်သက်များ သွေးဖိအားပုံမှန်ထက်မြင့်မားနိုင်

**နယူးယောက် မတ် ၁၀**

တစ်ညလျှင် အိပ်စက်ချိန် ၇ ဒသမ ၇ နာရီအောက်သာရှိသော ဆယ်ကျော်သက်များ အနေဖြင့် သွေးဖိအား ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် တက္ကသိုလ်မှ သုတေသန ပညာရှင်များက ဆယ်ကျော်သက် ကျောင်းသား ၄၀၀ ကျော်တို့၏အိပ်စက်မှုပုံစံများနှင့် သွေးဖိအား အခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိပ်မရနိုင်မှုနှင့် အိပ်ရေးပျက်မှုပြဿနာ နှစ်မျိုးလုံး ခံစားနေရပြီး တစ်ညအိပ်စက်ချိန် ၇ ဒသမ ၇ နာရီအောက်သာရှိသည့် ဆယ်ကျော်သက်များမှာ နှလုံးခုန်ချိန် သွေးဖိအားမြင့်တက်လာနိုင်ခြေ ပုံမှန်ထက် ငါးဆမြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဆယ်ကျော်သက်အရွယ်၌သွေးဖိအား ပုံမှန်ထက်မြင့်တက်လာပါက ၎င်းကလေးများအနေဖြင့် ဘဝတစ်လျှောက်လုံး နှလုံးကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသန ပညာရှင်များက အသိပေးထားသည်။

ဆယ်ကျော်သက်များ၏ နှလုံးကျန်းမာရေးအတွက် အိပ်စက်မှုပုံစံမှာ အထူးအရေးကြီးကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO

## ကိုယ်ဝန်ဆောင်ကာလ တွင်းထွက်ဓာတ်များစားသုံးမှုက သက်လတ်ပိုင်းအရွယ်တွင် သွေးဖိအားကိုထိန်းပေးထားနိုင်

**နယူးယောက် မတ် ၁၀**

ကိုယ်ဝန်ဆောင်ကာလအတွင်း၌ တွင်းထွက်ဓာတ်များ စားသုံးမှုက သက်လတ်ပိုင်း အရွယ်ရောက်ချိန်တွင် သွေးဖိအားကို ကျန်းမာရေးနှင့် ညီညွတ်သည့်အဆင့်၌ ထိန်းထားနိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း မတ် ၉ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ၌ Copper နှင့် Manganese တွင်းထွက်ဓာတ် မြင့်မားမှုသည် နောင် နှစ်ပေါင်းများစွာအကြာ၌ သွေးဖိအားကို လျှော့ချနိုင်မှုနှင့် ဆက်စပ်နေကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်ကာလ၌ ဗီတာမင်ဘီ- ၁၂ မြင့်မားမှုသည်လည်း သက်လတ်ပိုင်းအရွယ် သွေးဖိအားကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင် အမျိုးသမီး ၅၀၀ ကျော်တို့၏ ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်း တွင်းထွက်ဓာတ်နှင့်ဗီတာမင်ဓာတ်များ ပါဝင်မှုအဆင့်ကို နောင် နှစ် ၂၀ နီးပါးကြာ သွေးဖိအားအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ ကိုယ်ဝန်ဆောင်ကာလတွင် Copper နှင့် Manganese တွင်းထွက်ဓာတ်ပါဝင်မှုမြင့်မားသူ အမျိုးသမီးများအနေဖြင့် သက်လတ်ပိုင်းအရွယ်၌ သွေးဖိအားမြင့်တက်လာနိုင်ခြေပုံမှန်ထက် ၂၅ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းကြား ပိုနည်းပါးသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






## ချဲလ်ဆီးအသင်းကစားသမားပယ်မာ လက်စတာနှင့်ပွဲတွင် ကစားသမားဘဝ ပထမဆုံးပင်နယ်တီ လွဲချော်ခဲ့

**လန်ဒန် မတ် ၁၀**

ချဲလ်ဆီးအသင်းက လက်စတာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပင်နယ်တီ လွဲချော်ခဲ့သည့် ကွင်းလယ်ကစားသမား ပယ်မာသည် ကစားသမားဘဝ ပထမဆုံးပင်နယ်တီလွဲချော်ခဲ့ပြီး ပင်နယ်တီကန်သွင်းမှုအကောင်းဆုံး မှတ်တမ်းကောင်းတစ်ရပ်ကို လက်လွှတ်ခဲ့ရကြောင်း သိရသည်။

ပယ်မာသည် လက်စတာအသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၂၂ မိနစ်တွင်ရရှိခဲ့သည့် ပင်နယ်တီ အခွင့်အရေးကို ကန်သွင်းခဲ့သော်လည်း ဂိုးသမား ဟာမန်ဆန်ကာကွယ်မှုပြုလုပ်ခဲ့သဖြင့် ဦးဆောင်ဂိုး ရယူနိုင်ခြင်းမရှိသည့်အပြင် ပင်နယ်တီကန်သွင်းမှု အကောင်းဆုံး မှတ်တမ်းကောင်းကိုလည်း ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ယခင်က ကွင်းလယ်ကစားသမား ပယ်မာက ပင်နယ်တီကန်သွင်းမှု ၁၂ ကြိမ်တွင် ၁၂ ကြိမ်စလုံး ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သဖြင့် အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ၎င်းနောက်တွင် မန်စီးတီးအသင်း ကစားသမားဟောင်း ယာယာတိုရေးက ၁၁ ကြိမ်တွင် ၁၁ ဂိုး၊ မန်ယူအသင်း ကစားသမားဟောင်း ဘာဘာတော့က ကိုးကြိမ်တွင် ကိုးဂိုးဖြင့် အစဉ်လိုက် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ ပင်နယ်တီလွဲချော်ခဲ့မှုကြောင့် မှတ်တမ်းကောင်း တစ်ရပ်ကို လက်လွှတ်ခဲ့ရသည်။

ပယ်မာသည် လက်စတာအသင်းနှင့် ပွဲစဉ်မတိုင်မီက အဖျားရောဂါ ခံစားနေရသဖြင့် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိခဲ့သော်လည်း ပွဲထွက်ကစားသမားအဖြစ် ထည့်သွင်းခဲ့ရကြောင်း ၎င်းအနေဖြင့် ပြိုင်ပွဲအတွင်း ကြွခိုင်မှုအားနည်းနေသည်ကိုတွေ့ရကြောင်း ပြောကြားခဲ့ပြီး ပယ်မာ၏ ပင်နယ်တီလွဲချော်မှုအတွက် စိုးရိမ်စရာမရှိကြောင်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် မာရက်စ်ကာက ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Espn

Trs : ML



## Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟန်လေဆွတ်ခူး



**ဖလော်ရီဒါ မတ် ၁၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဟန်လေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား မိုရီကာဝါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ကနေဒါ ဂေါက်သီးရိုက် ကစားသမား ကွန်နာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲ လေးရက်တာကာလအတွင်း အမှတ်ပေးဇယားအား ဦးဆောင်သူများမှာ မတူညီသည့် ကစားသမား လေးဦးဖြစ်ခဲ့ပြီး ပြိုင်ပွဲ၏ ခက်ခဲမှုအား ပြသနိုင်ခဲ့ပြီး နောက်ဆုံးနေ့တွင် ရလဒ်အကောင်းဆုံး ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည့် ဟန်လေသည် ပြိုင်ပွဲတစ်လျှောက် အမှတ်ပေးဇယား၏ တတိယနေရာအတွင်း ဆက်တိုက်ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ရလဒ်ပိုင်း တည်ငြိမ်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ခဲ့သည်။

ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့သည့် ဟန်လေသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၄ သန်းအထိ ရရှိခဲ့ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဆုကြေးအများဆုံး ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ရာသီအကြိုခြေစမ်းပွဲစဉ်ကို အမေရိကန်တွင် ကစားမည်ဖြစ်ကြောင်း မန်ယူအသင်းထုတ်ပြန်

**မန်ချက်စတာ မတ် ၁၀**

လာမည့် ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှု အနေဖြင့် ရာသီအကြို ခြေစမ်းပွဲစဉ်ကို အမေရိကန်နိုင်ငံတွင် ကစားသွားမည်ဖြစ်ကာ ပရီးမီးယားလိဂ် ပြိုင်ဘက်များဖြစ်သည့် ဝက်စ်ဟမ်းအသင်း၊ ဘုန်းမောက်အသင်း၊ အဲဗာတန်အသင်းတို့နှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မန်ယူအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်နှစ် ရာသီအကြိုခြေစမ်းပွဲစဉ်ကိုလည်း အမေရိကန်နိုင်ငံတွင် ပြုလုပ်ခဲ့သည့်အပြင် ယခုနှစ်တွင်လည်း အမေရိကခရီးစဉ်ကိုသာ ရွေးချယ်ခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ဘက်သုံးသင်းဖြင့် ကစားသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းက ထုတ်ပြန်ခဲ့သည့် ခြေစမ်းပွဲ ပွဲစဉ်ရေးဆွဲမှုတွင် လာမည့် ဇူလိုင် ၂၆ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် နယူးဂျာစီမြို့ မက်လိုက်ကစားကွင်းတွင်လည်းကောင်း၊ ဘုန်းမောက်အသင်းနှင့်ပွဲစဉ်ကို ဇူလိုင် ၃၀ ရက်တွင် ချီကာဂိုမြို့ ဆိုးဂျားဖီးလ်ကစားကွင်းတွင် လည်းကောင်း၊ အဲဗာတန်အသင်းနှင့် ပွဲစဉ်ကို ဩဂုတ် ၃ ရက်တွင် အတ္တလန်တာမြို့ မာစီဒီးဘန့်ဇ်ကစားကွင်းတွင် လည်းကောင်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ ခြေစမ်းပွဲစဉ်အတွက် ကြိုတင်လက်မှတ်များကို မတ် ၁၃ ရက်တွင် စတင်ရောင်းချသွားမည်ဖြစ်သော်လည်း မတ် ၁၄ ရက်တွင် လက်မှတ်မျိုးစုံ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန်ယူအသင်းက ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Daily mail

Trs : ML

## Indian Wells တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ကျန်ကွင်းဝမ် တက်ရောက်

**အင်ဒီးယန်းဝဲလ်စ် မတ် ၁၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် နယူးဇီလန်တင်းနစ်မယ် လူလူဆန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၆-၄၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်ကိုတက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



လက်ရှိ ကမ္ဘာ့အဆင့်(၉) နေရာတွင် ရပ်တည်နေသည့် ကျန်ကွင်းဝမ်က တတိယအဆင့် ရောက်သည်ထိ အကောင်းဆုံး စွမ်းဆောင်ပြနိုင်ခဲ့ပြီး ချန်ပီယံကို စိန်ခေါ်နိုင်သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ကြောင်း ပြသနိုင်ခဲ့သည်။

ကျန်ကွင်းဝမ်က “ပထမပွဲငယ်ကတော့ အဆင်ပြေခဲ့ပါတယ်။ ဒုတိယပွဲငယ်ကတော့ တော်တော်လေးကို ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ဒုတိယပွဲငယ်မှာ အစပိုင်းမှာလည်း အကောင်းဆုံးကစားနိုင်ခဲ့တယ်။ (၂-၀) ရလဒ်နဲ့ စတင်ဦးဆောင်နိုင်ခဲ့တယ်။ ဒါပေမဲ့ လည်း လူလူကလည်း အကောင်းဆုံးပုံစံနဲ့ တုံ့ပြန်လာနိုင်ခဲ့တဲ့အတွက် tie-break အထိရောက်သွားခဲ့ရတယ်။ အဆင့်တိုင်းက ခက်ခဲပါတယ်။ စတုတ္ထအဆင့်ကို တက်လှမ်းခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့သည်။

ကျန်ကွင်းဝမ်သည် စတုတ္ထအဆင့်တွင် ကမ္ဘာ့အဆင့်(၁၈) နေရာတွင် ရပ်တည်နေသည့် ယူကရိန်းတင်းနစ်မယ် ကော့ယူ့ခ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကော့ယူ့ခ်သည် တတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် ဒိုလီဟိုက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၃၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- အီတလီဂန္တဝင်ဂိုးသမား ဘက်ဖွန်၏သားဖြစ်သူ အသက် ၁၇ နှစ်ရှိ လူးဝစ်ဘက်ဖွန်သည် ပီဇာအသင်းနှင့်အတူ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပထမဆုံးပွဲစဉ်ကို ပြီးခဲ့သည့် တနင်္ဂနွေနေ့က စပီဇီယာအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် စတင်ပါဝင်ခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်သာ ကစားနိုင်ခဲ့သည့် အာဆင်နယ်အသင်းအနေဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းနှင့် ရမှတ် ၁၅ မှတ်ကွာဟသွားသောကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် အခွင့်အရေးနည်းသွားကြောင်း နည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။
- နယူးကာဆယ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က တိုနယ်လီနှင့် ဒေါက်ကလပ်လူးဝစ်တို့ကို လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အလဲအထပ်ပြုလုပ်ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။ ML

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပ



**နေပြည်တော် မတ် ၁၀**

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲတွင် ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး Recurve/Compound မြား ၇၂ ချောင်း Ranking Round ပြိုင်ပွဲကို ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် အမျိုးသား၊ အမျိုးသမီး Recurve/Compound တစ်ဦးချင်း ရှုံးထွက်ပွဲစဉ်များ၊ ကွာတားဖိုင်နယ်ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ပစ်ခတ်ခဲ့ကြသည်။

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲကို မတ် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကာ အမျိုးသား၊ အမျိုးသမီး Recurve/Compound တတိယလု ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ အမျိုးသမီးအာရှဖလားခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မတ် ၂၇ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အမျိုးသမီး အာရှဖလားခြေစစ်ပွဲအတွက် အုပ်စုမဲခွဲမှုကို မတ် ၂၇ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

၂၀၂၆ အမျိုးသမီး အာရှဖလား ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင် အသင်း ၃၃ သင်း ပါဝင်မည်ဖြစ်ပြီး လေးသင်းပါ ခုနစ်အုပ်စုနှင့် ငါးသင်းပါတစ်အုပ်စု စုစုပေါင်း အုပ်စုရှစ်ခု ခွဲခြားကျင်းပမည် ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းပါဝင်မည့် အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားပြီး အခြားအုပ်စုများကို အိမ်ရှင်နိုင်ငံများအဖြစ် ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘတ်ကစ္စတန်နှင့် ဗီယက်နိုင်ငံတို့က အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ အမျိုးသမီးအာရှဖလား ခြေစစ်ပွဲအဆင့်တွင် အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာတွင် ရပ်တည်နိုင်သည့် အသင်းများ အနေဖြင့် ခြေစစ်ပွဲအောင်မြင်မည် ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်မည့် အသင်းရှစ်သင်းနှင့် တိုက်ရိုက်ဝင်ခွင့်ရရှိထားသည့် အိမ်ရှင်သြစတြေးလျအသင်း၊ ပြီးခဲ့သည့် ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် တရုတ်အသင်း၊ ဒုတိယဆုရ တောင်ကိုရီးယားအသင်းနှင့် တတိယဆုရ ဂျပန်အသင်း စသည့်အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည် ဖြစ်သည်။

၂၀၂၆ အမျိုးသမီးအာရှဖလား ပြိုင်ပွဲမှ ရလဒ်အကောင်းဆုံး ခြောက်သင်းမှာ ၂၀၂၇ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို အာရှဇုန်ကိုယ်စားပြုအဖြစ် တိုက်ရိုက် ကစားခွင့်ရရှိမည်ဖြစ်ပြီး နှစ်သင်းမှာလည်း ရှုံးထွက်အဆင့် ဝင်ရောက် ကစားခွင့်ရရှိမည် ဖြစ်သည်။

၂၀၂၆ အမျိုးသမီးအာရှဖလား ခြေစစ်ပွဲအဆင့်ကို လာမည့် မတ် ၂၃ ရက်မှစတင်ကာ ဇူလိုင် ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဂျူဗင်တပ်ကို ဂိုးပြတ်အနိုင်ရခဲ့သည့် အတ္တလန်တာအသင်းအနေဖြင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ကြောင်း နည်းပြဂက်စပါရီနီပြောကြား

**ရောမ မတ် ၁၀**

စီးရီးအေပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနှင့် အတ္တလန်တာအသင်းတို့ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည့် အတ္တလန်တာအသင်းအနေဖြင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည်ဟု နည်းပြ ဂက်စပါရီနီက ထုတ်ဖော်ပြောကြားခဲ့သည်။

အတ္တလန်တာ အသင်းသည် ဂျူဗင်တပ်အသင်းကို နိုင်ပွဲရခဲ့ပြီးနောက် အမှတ်ပေးပွဲ ၂၈ ပွဲ ကစားအပြီးတွင် ရမှတ် ၅၈ မှတ်ထိ ရရှိခဲ့သောကြောင့် အဆင့်(၃) နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့ပြီး ရမှတ် ၆၁ မှတ် ရရှိထားသည့် အဆင့်(၁)မှ အင်တာမီလန်အသင်းနှင့် ရမှတ်သုံးမှတ်၊ အဆင့်(၂)မှ ရမှတ် ၆၀ ရရှိထားသည့် နာပိုလီအသင်းနှင့် ရမှတ်နှစ်မှတ်သာ ကွာဟနေသောကြောင့် စကူဒက်တို ချန်ပီယံဆုဖလားကို စိန်ခေါ်နိုင်ကြောင်း နည်းပြဂက်စပါရီနီက ပြောကြားခဲ့ခြင်းဖြစ်သည်။



အဆိုပါပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် အတ္တလန်တာအသင်းကို အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ပြိုင်ဘက်၏ တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ပွဲကစားချိန် ၂၉ မိနစ်တွင် ရီတီဂွီ၊ ပွဲချိန် ၄၆ မိနစ်တွင် ဒီရွန်း၊ ပွဲချိန် ၆၆ မိနစ်တွင် ဇာပါကော်စတာ၊ ပွဲချိန် ၇၇ မိနစ်တွင် လွတ်မန်းတို့၏ သွင်းဂိုးများကို ခွင့်ပြုခဲ့ရကာ ချေပဂိုး ပြန်လည်သွင်းယူနိုင်ခြင်းမရှိသောကြောင့် လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အတ္တလန်တာအသင်းအနေဖြင့် ဂျူဗင်တပ်အိမ်ကွင်းတွင် လေးဂိုးထိ သွင်းယူနိုင်ခဲ့သည့်အတွက် ဂျူဗင်တပ်အသင်းနှင့် တွေ့ဆုံမှုသမိုင်းတွင် ပထမဆုံးအဝေးကွင်း ဂိုးပြတ်နိုင်ပွဲရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# လီဗာပူးအသင်းက လာမည့်ရာသီမှစတင်ပြီး Adidas နှင့် စပွန်ဆာစာချုပ် ချုပ်ဆိုမည်



**လန်ဒန် မတ် ၁၀**

လီဗာပူးအသင်းက လာမည့် ဘောလုံးရာသီမှစတင်ပြီး ထိပ်တန်းအားကစားပစ္စည်း ကုမ္ပဏီဖြစ်သည့် Adidas နှင့် ကာလရှည် စပွန်ဆာစာချုပ် ချုပ်ဆိုသွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

လက်ရှိ လီဗာပူးအသင်းသည် စပွန်ဆာအဖြစ် လက်တွဲနေသည့် Nike နှင့် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ငါးနှစ်သက်တမ်းရှိ စာချုပ် ကုန်ဆုံးမည်ဖြစ်သည့်အတွက် Nike နှင့် လမ်းခွဲပြီး Adidas နှင့် ကာလရှည် စပွန်ဆာစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

လီဗာပူးအသင်းနှင့် Adidas တို့သည် ယခင်ကလည်း စပွန်ဆာအဖြစ် လက်တွဲခဲ့ဖူးပြီး ပထမအကြိမ်အဖြစ် ၁၉၈၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်မှ၂၀၁၂ခုနှစ်ထိလည်းကောင်း နှစ်ကြိမ်လက်တွဲခဲ့ဖူးပြီး ယခုအခါ တတိယအကြိမ်မြောက်အဖြစ် လာမည့် ဩဂုတ် ၁ ရက်မှစတင်ပြီး လက်တွဲသွားမည်ဖြစ်သည်။

လက်ရှိတွင် လီဗာပူးအသင်းက မည်သည့်အချိန်ထိ စပွန်ဆာစာချုပ် ချုပ်ဆိုသွားမည်ကို အတည်ပြု ကြေညာထားခြင်းမရှိသေးသော်လည်း Adidas နှင့် ချုပ်ဆိုမည့်စာချုပ်အရ လီဗာပူးအသင်းသည် စပွန်ဆာကြေးအဖြစ် တစ်နှစ်လျှင် စတာလင်ပေါင် သန်း ၃၀ အပြင် အသင်း၏ အားကစားပစ္စည်းများရောင်းချရမှု ၂၀ ရာခိုင်နှုန်းကိုလည်း ရရှိမည်ဖြစ်သည့်အတွက် တစ်နှစ်လျှင် စပွန်ဆာစာချုပ်ကြေး စတာလင်ပေါင် သန်း ၆၀ ခန့်ထိ ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : One Sports

Trs : STA

# MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ Match Coordination Meeting ပြုလုပ်

**ရန်ကုန် မတ် ၁၀**

MNL 2 Promotion Amateur Club Tournament 2025 အုပ်စုပွဲစဉ်များအတွက် ပြိုင်ပွဲညှိနှိုင်းအစည်းအဝေး (Match Coordination Meeting)ကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနေရှင်နယ်လိဂ် Chief Operating Officer ဦးစည်သူဝင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာပြိုင်ပွဲကြီးကြပ်များ၊ MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲဝင် အသင်းများမှ အသင်းအမှုဆောင် အရာရှိချုပ်များ၊ အသင်းအထွေထွေမန်နေဂျာများနှင့် အသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အိမ်ကွင်း၊ အဝေးကွင်းဝတ်စုံ ဦးစားပေးအရောင်များ သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအကြို အထွေထွေညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁ သင်းအား အုပ်စုနှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ကာ ရန်ကုန်မြို့ရှိ ဗဟန်းမြက်ခင်းတုကွင်း(M-3)နှင့် MFF Training Field(2) ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA



# တစ်သားတည်းပင် ကြားမထင်ဘဲ

**ပြည်စိုးညိမ်း**

**ရုရှားနှင့် မြန်မာ**
**မြန်မာနှင့် ရုရှား။**
**သူ့နိုင်ငံ သူ့အရေးကလည်း**
**ကိုယ့်နိုင်ငံ ကိုယ့်အရေးလိုပါ့**
**ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း**
**သူ့နိုင်ငံ သူ့အရေးရယ်သို့**
**ရှေးရှုစိတ်ထား။**

ယနေ့သည် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယမြောက်နေ့ရက်ဖြစ်သည်။ ရာသီဥတုမှာ မော်စကိုမြို့၏ ကောင်းကင်တစ်ခွင်ဝယ် သာယာကြည်လင်လျက်ရှိသည်။ အပူချိန်မှာ ၄ ဒီဂရီစင်တီ ဂရိတ်မျှရှိမည်ထင်၏။ အဆောက်အအုံများအတွင်း၌မူ နေရာမလပ် အနွေးပေးစက်များစီမံထားရှိသဖြင့် အခန်းတွင်းအပူချိန်မှာ မသိသာလှသော်လည်း ပြင်ပ၌မူအအေးဓာတ်က လွှမ်းခြုံလျက်ရှိနေသေး၏။

ခရီးစဉ်ဒုတိယနေ့အတွက် တစ်နေ့တာအတွင်း လုပ်ဆောင်ရမည့်လုပ်ငန်းအချိန်ဇယားတို့မှာ များပြားလှသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း စသည်ဖြင့် လေးနက်ကျယ်ပြန့်သော တာဝန်ဝတ္တရားများက အရုဏ်ဦးနေ့သစ်နှင့်အတူ အသင့်စောင့်ကြိုနေသည်။

အမိမြန်မာနိုင်ငံတော်၏ အဆင့်မြင့် ကိုယ်စားလှယ်ကြီးများကလည်း ထိုတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန်အလို့ငှာ မော်စကိုမြို့၏ နံနက်အရုဏ်ဦးနှင့်အတူ နိုးကြားဖျတ်လတ်စွာ အသင့်ရှိနေကြသည်။

ပထမဆုံးအစီအစဉ်အရ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ လုံခြုံရေးယာဉ်တန်းများ ခြံရံထားသည့် အထူးယာဉ်တန်းဖြင့်ထွက်ခွာ၍ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

နိုင်ငံတော်အကြီးအကဲသည် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုလျက်ရှိစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

အကြီးအကဲသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့ နှုတ်ဆက်နေစဉ် အနွေးစစ်ဝတ်များဖြင့် ညီညာစွာ သက်ဝင်လှုပ်ရှားနေသော ဂုဏ်ပြုတပ်ဖွဲ့သည် မြန်မာ့တပ်မတော် စစ်သီချင်းများဖြင့် ထပ်မံတီးမှုတ်ဂုဏ်ပြုခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်း နိုင်ငံ လုံခြုံရေး ကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီး ကြိုဆို နှုတ်ဆက်စဉ်။

ထိုနေ့နံနက်ပိုင်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhuge-tovich Shoigu အား ၎င်း၏အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

လုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရင်းနှီးနွေးထွေးစွာ ဆီးကြိုနှုတ်ဆက်၍ ခန်းမအတွင်းသို့ ဦးဆောင်ခေါ်ယူသည်။ ဆွေးနွေးပွဲစတင်သည်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများကို မင်္ဂလာရှိစွာ စတင်ဆွေးနွေးသည်။ သည့်နောက်တွင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။ မိမိတို့နိုင်ငံတွင် မကြာမြင့်မီကာလအတွင်း နှစ် (၈၀)ပြည့်တပ်မတော်နေ့ကိုဆင်ယင်ကျင်းပတော့မည့်နည်းတူ ရုရှားနိုင်ငံ၌လည်း နှစ် (၈၀) ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့ ကျင်းပတော့မည်ဖြစ်သည်။ လုံခြုံရေးကောင်စီအတွင်းရေးမှူးက ထိုအခမ်းအနားကြီးသို့ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် အခြားသောလုံခြုံရေးဖိုရမ်များ၌လည်း မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာ အကြောင်းကိစ္စများကို ပြန်လည်ဆွေးနွေးခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်းက ကျင်းပပြီးစီးခဲ့သည့် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးကောင်စီအတွင်းရေးမှူးအား နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းအားဖြင့် တွေ့ဆုံပွဲကို လှပစွာအနားသတ်လိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒူးမားလွှတ်တော် အဆောက်အအုံ အစည်းအဝေး ခန်းမ၌ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးရန် စီမံဆောင်ရွက်ကြပြန်သည်။ အချိန်မှာ ဒေသစံတော်ချိန် နံနက်ပိုင်းမှာပင် ရှိနေသေး၏။ မြန်မာကိုယ်စားလှယ်အဖွဲ့၏ အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းနေကြပုံများမှာ နှစ်ထောင်းအားရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်များ ဒူးမားလွှတ်တော်အဆောက်အအုံသို့ရောက်ရှိသည်နှင့် ကြိုတင်ရောက်ရှိနေရာယူထားသော ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ဖက်လဲတကင်း ဆီးကြိုနှုတ်ဆက်၍ အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲတွင် ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု၊ လွှတ်တော်နှင့်ပါတီများ ဖွဲ့စည်းထားရှိမှု၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တို့အကြား လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။ ဆက်လက်၍ ရုရှားနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ထောက်ခံအားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှ အကူအညီများ ရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံလွှတ်တော်များ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ကြမည့်အခြေအနေများကိုလည်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

အချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များမှာမူ တွေ့ဆုံဆွေးနွေးမှုများနှင့် လုပ်ငန်းဆောင်တာများအကြား ခေါင်းမဖော်နိုင်စတမ်း မအားလပ်နိုင်အောင် အလုပ်များလျက်ရှိရာ နေ့လယ်ပိုင်းသို့ ရောက်သွားသည်ကိုပင် သတိထားမိကြပုံမပေါ်။

ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်းအဝေးခန်း၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့်တွေ့ဆုံဆွေးနွေးရန် ဆက်လက်ထွက်ခွာခဲ့သည်။

ရုရှားအစိုးရအဖွဲ့ အိမ်တော်သို့ ရောက်ရှိသည်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ်က ရင်းနှီးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ နှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဆက်လက်ပြုလုပ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ချစ်ကြည်ရေး


စာမျက်နှာ ၁၁ သို့ ➤

➢ စာမျက်နှာ ၁၀ မှအဆက်

ခရီးစဉ်လာရောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း နှုတ်ခွန်းဆက်စကားဆိုသည်။ အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ကြောင်းကိုလည်း အလေးထား၍ ပြောသည်။

နိုင်ငံတော်အကြီးအကဲက (၇၇) နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်သည့် သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပုံကို ပြောကြားသည်။ မိမိတို့အပေါ် ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက် အလေးအနက်ထား၍ ကျေးဇူးစကားတုံ့ပြန်သည်။

သည့်နောက်တွင် ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဆက်လက်ဆွေးနွေးကြသည်။နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံခရီးသွားမှာ တွေ့ဆုံဆွေးနွေးပွဲများက အစီအရီနေရာယူလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ပန်းတိုင်သို့ချီရာလမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရောက်ရှိလာချေပြီ။ နိုင်ငံတော်အကြီးအကဲဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ဥက္ကဋ္ဌတို့က မိမိတို့အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးပြီး ဖက်ဒရယ်ကောင်စီလွှတ်တော်အစည်းအဝေးခန်းမတွင် တွေ့ဆုံပွဲကို စတင်ကြသည်။

အဓိကအားဖြင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့်အခြေအနေများကို ဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံဖက်ဒရယ်ကောင်စီလွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေနှင့် မြန်မာနိုင်ငံ၌ လွှတ်တော်တိုင်းပြည်အပေါ်ထားရှိသော စေတနာတို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသား အကျိုးစီးပွားကို ဦးတည်သည့် ဆွေးနွေးချက်များသာ။ ချစ်ကြည်ရင်းစွဲဖြစ်သည့်ဆက်ဆံရေးကို အရင်းတည်သည်မို့ နှစ်ဖက်ကျေနပ်ဖွယ်ရာ အကြောင်းအရာများကို အပြည့်အဝဆွေးနွေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့အတွင်း တွေ့ဆုံဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟု ဆိုရပါမည်။

မြန်မာနှင့် ရုရှားဆိုသည်ကား သူ့နိုင်ငံ သူ့အရေးကလည်း ကိုယ့်နိုင်ငံ ကိုယ့်အရေးသဖွယ်ပင်။ တစ်ဖန် ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း သူ့နိုင်ငံ

**❖ အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့အတွင်း တွေ့ဆုံဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက်သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးအစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟုဆိုရပါမည် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးစဉ်။

လုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေးနှင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဖိတ်ခေါ်ဆွေးနွေးသည်။ အခြားသောဆောင်ရွက်ဖွယ်ရာများဖြစ်သည့် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များ နှင့် အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များနှင့်ပတ်သက်၍လည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယနေ့ဝယ် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများကို မမောမပန်းနိုင် လျှောက်လှမ်းလျက်ရှိသည်။“မျိုးစေ့မမှန်ပင်မသန်က၊ ဖူးတံငုံကင်းအသီးဖျင်း၏” ဟူသောဆိုရိုးစကားရှိသည်။ ယခုအခါဝယ် မျိုးစေ့မှန်သဖြင့် အပင်သန်ရမည်ဟု အားလုံးကတူညီသောစိတ်ဆန္ဒတို့ဖြင့် မမိုတ်မသုန်ယုံကြည်ကြလျက်ရှိရာ မဝေးတော့သောကာလတစ်ခုတွင် နိုင်ငံတော်၏နယ်ပယ်ကဏ္ဍအစုံ၌ ပွင့်သောပန်းတို့ လန်းလန်းစွင့်စွင့် ရှိကြပေတော့မည်။

ဒေသစံတော်ချိန် မွန်းလွဲပိုင်းသို့ပင် ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးရန် ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်သို့ ဆက်လက်ထွက်ခွာသည်။

ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး စောင့်ကြိုဆိုနှုတ်ဆက်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်ရှိရာသို့ ခေါ်ဆောင်သည်။ နိုင်ငံတော် အကြီးအကဲက လွှတ်တော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။အကြီးအကဲနှင့်လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်တွင် လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကိုပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍လည်းအလေးအနက်ထား ဆွေးနွေးနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲမှာ မောသည် ပန်းသည်မရှိ၊ အစည်းအဝေးများ၊တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ဆွေးနွေးပွဲများတစ်လျှောက်လုံးတွင် အကြီးအကဲ၏ တည်ကြည်သော စိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်နှင့် သူ့အရေးသို့ရှေးရှုစာနာထောက်ကူဖေးမခဲ့ကြသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများဖြစ်ကြသည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးမှုကို အခြေတည်၍ နိုင်ငံနှင့်ပြည်သူအကျိုးအတွက်တစ်သားတည်းပင် ကြားမထင်ဘဲ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်ဖြစ်ရာ ရှေ့သို့ချီ မည် ပန်းတိုင်ဆီ(Keep Moving Forward to Achieve Our Goal) သို့ မနေ့းအမြန်ရောက်ရှိတော့မည် ဖြစ်ပါကြောင်း နိုင်ငံသားတစ်ဦးအနေဖြင့် မမိုတ်မသုန် ယုံကြည်နေမိပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# SAC Chairman Prime Minister Senior General Min Aung Hlaing, who endeavours to enhance friendship and cooperation with the Russian Federation and the Republic of Belarus, gives exclusive interview to media aboard the special flight

**Nay Pyi Taw March 10**

At the invitation of Russian Federation President Vladimir Vladimirovich Putin and Belarusian President Alexander Gregoryevich Lukashenko, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official State visits to the Russian Federation and the Republic of Belarus from 3 to 9 March.

The Myanmar goodwill delegation led by the Senior General left Tolmachevo Airport of Novosibirsk of the Russian Federation by special flight in the afternoon of 9 March Russian Standard Time and arrived back at Nay Pyi Taw Tatmadaw Airport in the evening.

On the way back to Myanmar, the Senior General replied to questions raised by the media at the exclusive interview aboard the special flight. The full text of the replies is as follows: -

Our country is going to implement a multiparty democratic system. It has been 77 years since we gained our independence. We have faced numerous conflicts. We have many natural resources, including human resources. If we can make use of these, our country will become a prosperous one. For this, when we are looking for prospects of cooperation, Russia is one of the countries that we see as having the potential for collaboration. It's not just Russia; there are many countries. However, I know that Russia is the country that can take action the quickest. Therefore, I went to Russia. We have already made a political decision. We have already decided to move toward a multiparty democratic system as requested by the people. To make this happen, we need to collaborate with the other side. On the other hand, we also need to work for internal peace in our country. That's why the President of Russia has said that Russia will help Myanmar. However, President Alexander Gregoryevich Lukashenko of Belarus also said that Belarus would assist and cooperate with Myanmar in every way possible. These are strengths for us, and at the same time, they are strengths for our country. Looking at the geographical position of our country, if we consider it, we are at a key location. We are the westernmost country in Southeast Asia, in the ASEAN region. To our west, we have India, with a population of over 1.4 billion people. To the south, we have Bangladesh, with a population of over 160 million people. To our northeast, we have China, with a population of about 1.4 billion people. When you combine these three countries, the total population reaches nearly 4 billion people. So, if we look at the direction we are going, if we go south, we will reach the Indian Ocean. If we go north, we will pass through China and reach Russia. If we go west, we will reach India. If we go southeast, we will reach all the ASEAN countries. Myanmar is in a unique position. Whether we are starting a business or passing through Myanmar for any reason, we can gain access to a large market, as mentioned earlier. We are truly at the best time to cooperate. What I want to say to the EAOs is that they should avoid speaking about what they want to happen. It's better to speak about what should happen and what is possible. Everyone wants what they desire, and I, too, have many desires. However, what I want might happen, but we should go towards what should happen and what is possible. We said that we provide opportunities for democracy. We provide opportunities for ethnic rights. If you look around the world, you will see that everyone deserves equal opportunities. We cannot give away someone else's rights. I want to say that ethnic people should be allowed to think as well. From our side, we will prioritize the ethnic people and take action. I have decided. No matter what happens, I will prioritize and take action on the remaining ethnic areas. Until now, I have done everything I can. I am not neglecting the agricultural and livestock industries in Myanmar. In the future, I will not neglect science and technology. The industries, based on agriculture and livestock, of these countries are very good. In science and technology, they are also very strong. They are in a position to combine both low and high-level sectors. This is what we need. That's why I am saying that if we cooperate, this will benefit our country." 100



Senior General Min Aung Hlaing gives an exclusive interview to media.

# Katha District exceeds winter crop target with over 27,000 acres of mustard and sesame cultivated

**Katha March 10**

In Sagaing Region's Katha District, a total of 27,396 acres of mustard and sesame have been cultivated during the current winter crop season, according to the Katha District Agriculture Department.

For the 2024-2025 winter crop season, the district had planned to cultivate 23,832 acres of mustard and sesame, starting from October 2024. As of now, 27,396 acres have been successfully cultivated, exceeding the initial target.

"Mustard and sesame are cultivated annually in the district. These crops are used both for oil extraction and medicinal purposes. This winter season, we aimed to cultivate over 23,000 acres of mustard and sesame in Katha District. Currently, more than 27,000 acres have been cultivated, surpassing our target," said Daw Khin Myat Myat Oo, the district agriculture officer.

The breakdown of cultivation by township in Katha District is as follows: Katha Township has cultivated 192 acres of sesame and 16,035 acres of mustard. Indaw Township has cultivated 150 acres of sesame and 2,200 acres of mustard. Htigyaing Township has cultivated 330 acres of sesame and 4,680 acres of mustard. Banmauk Township has cultivated 3,321 acres of sesame and 488 acres of mustard. This brings the total cultivated area to 27,396 acres.

For the 2023-2024 winter crop season, the district had initially planned to cultivate 23,832 acres of mustard and sesame across its townships. Katha Township planned to cultivate 207 acres of sesame and 13,600 acres of mustard. Indaw Township planned to cultivate 220 acres of sesame and 1,860 acres of mustard. Htigyaing Township planned to cultivate 335 acres of sesame and 3,970 acres of mustard. Banmauk Township planned to cultivate 3,220 acres of sesame and 420 acres of mustard.

In Katha District, mustard and sesame cultivation is a regular practice each year. Within Sagaing Region, Katha and Kawlin are the primary areas where these crops are predominantly grown. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bogale Township sells over 70,000 bags of Zeera rice to Yangon in January



Bags of rice being stockpiled in a warehouse.

**Bogale March 10**

A total of 78,000 Zeera rice bags from Bogale Township, Ayeyawady Region were shipped to Yangon in January, said Daw Ni Ni Win, a rice and grain wholesale dealer from Bogale Township.

Bogale Township sold only 55,000 Zeera rice bags to Yangon in December 2024, and from January 1 to 31, 2025, 78,000 Zeera rice bags were sold.

"In the past month, a large number of bags of Zeera rice were transported to the Yangon market. Most of the agricultural products from our town are sent to the Yangon market. This type of rice is a good rice variety. The sale has increased because there is a lot of demand from Yangon for this type of rice. There are many connections to buy cumin rice in the Yangon market this month. Compared to other rice, this type of rice is currently being traded more," she said.

Zeera rice shipped to the Yangon market priced at 105,000 kyats per bag. KKL

# Kyunhla Township completes peanut harvest on 12,375 acres with strong yields this winter season

**Kyunhla March 10**

In Kanbalu District, Sagaing Region, the peanut harvest for the winter crop season has been completed on 12,375 acres in Kyunhla Township, according to records from the township's Agriculture Department.

During the winter crop season, a total of 14,239 acres of peanuts were cultivated in Kyunhla Township. The harvesting of these peanut fields began in January of this year, and as of today, 12,375 acres have been harvested, yielding an average of 75.25 tins per acre.

"During the winter crop season in Kyunhla Township, we cultivated peanuts on 14,239 acres. The harvesting of these peanut fields is currently underway, and as of today, 12,375 acres have been harvested. The yield is good, and we were able to cultivate more than the planned acreage. The oilseed crop has been successful, and peanut cultivation has been increasing year by year. Peanuts are mostly cultivated during the winter season rather than the rainy season," said Daw Myint Myint Yi, the township agriculture officer.

In Kyunhla Township, cultivating peanuts requires 1.5 baskets of seeds per acre. The total cost, including seed expenses, labor costs, fertilizers, and pesticides, exceeds 200,000 kyat per acre, with a yield of over 50 baskets per acre.

To ensure the success of peanut cultivation, prevent pest infestations, and keep the fields free of weeds, staff from the township Agriculture Department have conducted field inspections and maintained monitoring records. These efforts have been carried out to support farmers in achieving successful harvests.

206

# More than 1,700 acres of peanut harvested in Pwintbyu Township

**Pwintbyu March 10**

According to the Pwintbyu Township Department of Agriculture, local farmers have harvested 1,705 acres of groundnut crops, which were cultivated during the winter season in Pwintbyu Township, Magway Region.

In Pwintbyu Township, a total of 3,086 acres of peanuts were cultivated during the 2024 winter crop season. Local farmers began harvesting in January, and as of today, 1,705 acres have been harvested.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "In the winter season, a total of 3,086 acres of peanuts were cultivated in Pwintbyu Township, surpassing the initially planned cultivation area. This year, peanut fields have thrived without any pest infestations, leading to a successful harvest. Currently, farmers have begun harvesting peanuts since January to prepare the fields for summer crops. A total of 1,705 acres of peanuts have so far been harvested. The yield per acre is also better than the previous year, with an output of 52.14 baskets per acre. Farmers are being advised to properly store harvested peanuts under protective cover and to harvest the remaining fields in a timely manner to prevent any decline in yield."

In Pwintbyu Township, a total of 3,086 acres of peanuts were cultivated during the winter crop season, exceeding the initial target of 2,930 acres to ensure sufficient edible oil consumption. The Department of Agriculture supported peanut farmers by promoting the cultivation of high-yield quality seeds, the systematic use of natural fertilizers and organic pesticides, adherence to the Good Agricultural Practices (GAP) system, and implementing pest control measures. These agricultural training programs were carried out in collaboration with relevant departments to provide necessary assistance.

She added that if the cultivation of oilseed crops, particularly peanuts, is expanded annually, it will not only ensure sufficient domestic cooking oil supply but also generate surplus for sale. This would lead to increased income for farmers and contribute to their economic development. Therefore, it is recommended to expand the cultivation of high-yield peanut varieties suitable for different regions.

Ye Win Naing (NyaungU)

# Ghana, Niger leaders reaffirm commitment to stronger ties

**Niamey March 10**

The leaders of Niger and Ghana have reaffirmed their determination to enhance the fraternal and cooperative relations that have united the two countries since their independence.

The commitment was made in a joint statement issued Sunday following Ghanaian President John Dramani Mahama's work visit to Niamey, the Nigerien capital, where he was welcomed at the Diori Hamani International Airport by Gen. Abdourahamane Tchiani, president of Niger's National Council for the Safeguard of the Homeland.

Both leaders agreed to boost bilateral cooperation, particularly in the political, economic, scientific, and cultural fields, to meet the aspirations of their respective peoples for peace, security, and development, the statement said.

On security, the two heads of state discussed the terrorist threat facing the Sahel region and West Africa, reaffirming their commitment to solidarity in combating the scourge of terrorism, which has plagued the region and undermined the implementation of development programs.

Xinhua

# Cambodia's tallest bridge built by Chinese company makes major progress



An aerial drone photo taken on March 9, 2025 shows Cambodia's tallest bridge project in Pursat province, Cambodia.

**Phnom Penh March 10**

The last beam (T-beam) of Cambodia's tallest bridge project undertaken by a Chinese company in western Cambodia's Pursat province was laid successfully on Sunday, meaning the project entered the final stage of construction.

Constructed by the China Road and Bridge Corporation (CRBC), the bridge No. 28 along National Road No. 10 has been built across the Russey Chrum river valley in Chhay Luk village, Osom commune, Veal Veng district.

The 80-meter-tall bridge project has a total length of 530 meters and a width of 10 meters.

With the installation of the final T-beam, all the difficult work of the bridge project has been completed, laying a solid foundation for subsequent traffic operation, said a CRBC Cambodia Office's press release on Monday.

The bridge No. 28 is adjacent to a national nature reserve and a first-level water source protection area, the press release said, adding that the construction organization and coordination were difficult, and the safety risk of high pier continuous beam construction was high.

Liu Zhaowei, a CRBC Cambodia Office project leader, said that since the start of construction, the project team had overcome the difficulties of deep foundation pit excavation and water source protection for riverside construction.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Golden Dome မျိုးဆက်သစ် ဒုံးကျည်ကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်သွားမည်ဟု အမေရိကန်သမ္မတကြေညာ




အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နိုင်ငံ၏ရည်မှန်းချက်အကြီးမားဆုံး ကာကွယ်ရေးစီမံကိန်းများထဲမှ တစ်ခုဖြစ်သည့် Golden Dome ဟုအမည်ပေးထားသော မျိုးဆက်သစ် ဒုံးကျည်ကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်သွားမည်ဟု ကြေညာခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Golden Dome မျိုးဆက်သစ်ဒုံးကျည်ကာကွယ်ရေးစနစ်သည် အစ္စရေးနိုင်ငံထုတ် Iron Dome ၏လုပ်ဆောင်နိုင်စွမ်းကို ထင်ဟပ်စေပြီး တာတိုပစ်ဒုံးကျည်များမှ ခေတ်မီတာဝေးပစ် ခြိမ်းခြောက်မှုများထိ အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာနိုင်သော ဒုံးကျည်ခြိမ်းခြောက်မှုများကို ကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည်။ Golden Dome တီထွင်ထုတ်လုပ်ရေး အဆိုပြုချက်သည် နိုင်ငံတော်၏လုံခြုံရေးကိုကာကွယ်ရန် အဆင့်မြင့်နည်းပညာကို အလေးပေးခြင်းဖြင့် အနာဂတ်၏အင်အားအကြီးမားဆုံး တပ်မတော်တစ်ရပ်ကို တည်ဆောက်ရန် သမ္မတဒေါ်နယ်ထရန့်၏ ပိုမိုကျယ်ပြန့်သော ရှုမြင်ထားချက်နှင့် ကိုက်ညီနေသည်။

"ကျွန်တော့်ရဲ့ အာရုံစိုက်မှုက အနာဂတ်ရဲ့ အင်အားအကြီးဆုံးတပ်မတော်ကို တည်ဆောက်ဖို့ပါပဲ။ ပထမအဆင့်အနေနဲ့ အမေရိကန်ထုတ် ခေတ်မီဆန်းသစ်တဲ့ Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်နိုင်ရေး ရန်ပုံငွေချပေးဖို့ ကွန်ဂရက်ကို တောင်းဆိုနေပါတယ်" ဟု သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ အထူးသဖြင့် အီရန်၊ တရုတ်၊ မြောက်ကိုရီးယားနိုင်ငံတို့၏ စွမ်းဆောင်ရည်များ တိုးမြင့်လာနေသည့် ကမ္ဘာ့ဒုံးကျည်ခြိမ်းခြောက်မှု အခင်းအကျင်းများ အရှိန်အဟုန်ဖြင့် တိုးတက်နေချိန်တွင် ကြေညာချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အဆိုပါနိုင်ငံများသည် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် အသံထက်မြန်သော ဟိုက်ပါဆောနစ် လက်နက်များအပါအဝင် ပိုမိုအဆင့်မြင့်သော ဒုံးကျည်နည်းပညာများကို တီထွင်ထုတ်လုပ်လျက်ရှိပြီး ၎င်းတို့အားလုံးသည် ပြည်တွင်း၊ ပြည်ပရှိ အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို သိသိသာသာ အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆထားသည်။ ဤအခြေအနေတွင် Golden Dome ဒုံးကျည်ကာကွယ်ရေးစနစ်သည် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးကို အားကောင်းလာစေရန်နှင့်ဒုံးကျည်ကာကွယ်ရေးတွင် ၎င်း၏ နည်းပညာဆိုင်ရာ အားသာချက်ကို ထိန်းသိမ်းရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်ထားသည်။

သမ္မတ ဒေါ်နယ်ထရန့်၏တောင်းဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ထိပ်တန်းကာကွယ်ရေး ကန်ထရိုက်တာများထဲမှ တစ်ခုဖြစ်သော Lockheed Martin ကုမ္ပဏီသည် Golden Dome စနစ်ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် အသေးစိတ်အစီအစဉ်ကို ချမှတ်ထားပြီးဖြစ်သည်။ ဤဒုံးကျည်ကာကွယ်ရေးစနစ်အတွက် ကုမ္ပဏီ၏မျှော်မှန်းချက်တွင် အဆင့်မြင့်ရေဒါစနစ်များ၊ ဉာဏ်ရည်တုနှင့် မျိုးဆက်သစ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကဲ့သို့သော နောက်ဆုံးပေါ်နည်းပညာများ ပေါင်းစပ်ပါဝင်သည်။ Lockheed Martin ကုမ္ပဏီက Golden Dome ကို တာတိုပစ်နည်းဗျူဟာမြောက် ဒုံးကျည်များမှ တာဝေးပစ် မဟာဗျူဟာမြောက် ခြိမ်းခြောက်မှုထိကျယ်ပြန့်သော ဒုံးကျည်များကို ထောက်လှမ်းခြင်း၊ ကြားဖြတ်ပစ်ချခြင်းနှင့် ပျက်ပြယ်စေရန် ဒီဇိုင်းထုတ်သွားမည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

Golden Dome စီမံကိန်းကို ဆက်လက် တိုးတက်လုပ်ဆောင်လာနိုင်သည်နှင့်အမျှ သမ္မတဒေါ်နယ်ထရန့်၏ဦးစားပေး တောင်းဆိုမှုသည် ကာကွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် သိသာထင်ရှားသော စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေခဲ့သည်။ ကွန်ဂရက်၏ ကျောထောက်နောက်ခံနှင့် ခိုင်မာအားကောင်းသောစက်မှုလုပ်ငန်း မိတ်ဖက်ကုမ္ပဏီများနှင့်အတူ Golden Dome မျိုးဆက်သစ်ဒုံးကျည်ကာကွယ်ရေးစနစ်သည် လာမည့်ဆယ်စုနှစ်များအတွင်း ဆင့်ကဲဖြစ်ပေါ်နေသော ဒုံးကျည်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် နိုင်ငံအနေဖြင့် ပြင်ဆင်ထားကြောင်းသေချာစေမည့် အမေရိကန်၏ ကာကွယ်ရေးမူဝါဒကို ပြန်လည်သတ်မှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Flash News: Golden Dome Air Defense System a Priority for US President Trump Against Missile Threats ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက JAS 313 ဂျက်အင်ဂျင်သုံး ကိုယ်ပျောက်ဒရုန်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသ

အီရန်နိုင်ငံသည် ကင်းထောက်နှင့် ဗုံးကြဲမစ်ရှင်များ လုပ်ဆောင်နိုင်သော JAS 313 ဂျက်အင်ဂျင်သုံး ကိုယ်ပျောက်ဒရုန်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သမားရိုးကျတိုက်လေယာဉ်တစ်စင်းနှင့်ဆင်တူသည့် အဆိုပါဒရုန်းကို အီရန်ရေတပ်ပိုင် ဒရုန်းတင်သင်္ဘော Shahid Bagheri ပေါ်၌ ပြုလုပ်သည့် အခမ်းအနားတစ်ခုအတွင်း အစ္စလာမ္မစ်တော်လှန်ရေး အစောင့်တပ်၏ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ် Alireza Tangsiri က မိတ်ဆက်ပြသခဲ့ခြင်းဖြစ်သည်။ အီရန်အာဏာပိုင်များ၏ ပြောကြားချက်အရ JAS 313 သည် Shahid Bagheri ကဲ့သို့သော ရေတပ်သင်္ဘောများပေါ်မှ ပျံတက်နိုင်ရန်အတွက် အထူးဒီဇိုင်းထုတ်ထားပြီး လက်ရှိတွင် ပျံသန်းစမ်းသပ်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။ ဒရုန်း၏အလျင်နှုန်းမြင့်မားမှုကြောင့် ရည်မှန်းချက်တာဝန်များကို ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ပြီး မကြာမီ IRGC ရေတပ်တွင်တပ်ဖြန့်ချထားနိုင်မည်ဖြစ်သည်။

အီရန်မီဒီယာကထုတ်ပြန်သည့် ဗီဒီယိုဖိုင်အရ ဒရုန်းတင်သင်္ဘော၏ ကြီးမားသော ကုန်းပတ်နှင့်ယှဉ်လျှင်ကိုယ်ပျောက်ဒရုန်း၏ အရွယ်အစားသည် ကျစ်လျစ်သေးငယ်ကြောင်း တွေ့ရှိရသည်။ ဒရုန်းတွင် ဂျက်အင်ဂျင် တပ်ဆင်ထားသောကြောင့် မြန်နှုန်းမြင့်ပြီး တိကျသော တိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ IRGC ရေတပ်က ၎င်းသည် လက်ရှိ မောင်းသူမဲ့လေယာဉ်အုပ်၊ ဒရုန်းစစ်ရေးစွမ်းအားများကို အားဖြည့်ပေးနိုင်မည့် သိသာထင်ရှားသော လေကြောင်းစွမ်းရည်မြှင့်တင်မှုအဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။ ပြီးခဲ့သောလက IRGC ရေတပ်သို့ တပ်တော်ဝင်ခဲ့သည့် ဒရုန်းတင်သင်္ဘော Martyr Baqeri တွင် JAS 313 ၏ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုကို ပြုလုပ်ခဲ့သည်။ ဤစစ်ရေယာဉ်သည် စစ်ဆင်ရေးနယ်ပယ်များ၌ ဒရုန်းနှင့်ရဟတ်ယာဉ်များ ဖြန့်ကြက်ထားရှိရန် ရွေ့လျားရေကြောင်း စွမ်းအားတစ်ခုအဖြစ် ဒီဇိုင်းထုတ်ထားသည်။ အဆိုပါရေယာဉ်ပေါ်တွင် ၂၀၁၃ ခုနှစ်က ထုတ်ဖော်ပြသခဲ့ပြီး ပြေးလမ်းတိုများပေါ်တွင် အတက်အဆင်းပြုလုပ်နိုင်သည့် Qaher ခေါ် ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်း နှစ်မျိုး တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း အီရန်အာဏာပိုင်များက ပြောကြားခဲ့သည်။



Tangsiri ၏အဆိုအရ JAS 313 ဒရုန်းသည် လေထဲတွင် တစ်နာရီကြာပျံသန်းနိုင်ပြီး ရေတပ်၏ကင်းထောက်နှင့် တိုက်ခိုက်ရေးများအတွက် ဒီဇိုင်းထုတ်ထားကြောင်း၊ ဒရုန်း၏အရွယ်အစားသေးငယ်မှုအပေါ် မှတ်ချက်များရှိနေသော်လည်း အီရန်အာဏာပိုင်များသည် JAS 313 ဒရုန်းများ တီထွင်ထုတ်လုပ်ရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ၎င်းသည် အမျိုးသားကာကွယ်ရေး မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းဖြစ်သည်ဟုသတ်မှတ်ထားကြသည်။ အမေရိကန်၏ပိတ်ဆို့အရေးယူမှုများကြောင့် အီရန်နှင့် အနောက်နိုင်ငံများကြား တင်းမာမှုများ မြင့်တက်နေချိန်တွင် JAS 313ဒရုန်းကို ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်။

**Iran Strengthens Navy with JAS 313 Stealth Drone for Reconnais–sance and Bombing Missions ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် နေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၇ ဒသမ ၈၉ တင်းထွက်ရှိ



**ဝက်လက် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၄၄၄၀ ထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၇ ဒသမ ၈၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၄၄၄၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို မိုးမှာထက် ဆောင်းမှာ အဓိကထားစိုက်ပျိုးကြတာပါ"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မာရေးအတွက် သင်တန်းပေးခြင်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခြောက်အစုံပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ညိုကပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးခြောက်အစုံပိဿာချိန် ၅၅၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ အာပွဲခြောက် စသည့်ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၂၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ရောင်းအားတက်ခဲ့တာပါ။ ငါးခြောက်ဈေးနှုန်းကတော့ ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ညိုက ပြောပြသည်။



အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက် တစ်ပိဿာဈေးနှုန်းသည် ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀၊ ငါးကွမ်းရှပ် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀၀၊ ငါးလိပ်ကျောက်ငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀၀၊ အာပွဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လဲချားမြို့နယ် နမ့်လေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ နမ့်လေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၁ ကြိမ်မြောက်ထုတ်ချေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက အမှာစကား ပြောကြားပြီး လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းများနှင့်ကာလ သတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က နမ့်လေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ





**နေပြည်တော် မတ် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေပညာရပ်များကို သိရှိနားလည်မှသာ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည့်အတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆင့်ပွားသင်တန်းများကို ရုံးဌာနများနှင့် ကျောင်းများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်းလေ့လာသင်ကြားခဲ့ရသည့် ဥပဒေပညာရပ်များကို မိမိတို့လုပ်ငန်းနယ်ပယ်အတွင်း၌ အကျိုးရှိစွာအသုံးချကျင့်သုံးဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများကိုလေးစားလိုက်နာပြီး ဥပဒေနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များကိုရှောင်ရှား၍ လုပ်ငန်းတာဝန်များကိုဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥပဒေရေးရာဟောပြောပွဲ၌ သင်တန်းဆင်းဝန်ထမ်းများက “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊နည်းဥပဒေ” နှင့် “ပြည်သူပိုင်ပစ္စည်းများကာကွယ်ရေးအက်ဥပဒေ”တို့ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက“အွန်လိုင်းအသုံးပြုလိမ်လည်မှု (Cyber Scam)နှင့် လောင်းကစားမှု(Online Gambling)များ တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာ”တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားမှုများကိုကြည့်ရှုအားပေးပြီး သင်တန်းဆင်းဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းအမှတ်စဉ် (၂) သင်တန်းကို မတ် ၃ ရက်၌ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ ဖြင့် ရက်သတ္တပတ်ကြာ စတင်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါသင်တန်း၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ခရီးစရိတ်လက်စွဲဥပဒေ၊နည်းဥပဒေ၊ ပြည်သူပိုင်ပစ္စည်းများကို ကာကွယ်ရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်သိကောင်းစရာများအစရှိသည့် ဘာသာရပ်များကိုဥပဒေရေးရာဝန်ကြီးဌာနကဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများသို့ တက်ရောက်ပြီးသည့် အရာထမ်း၊ အမှုထမ်းများ ပေါင်းစပ်စုဖွဲ့၍ စနစ်တကျလေ့ကျင့်သင်ကြားဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြေယာလုပ်ပိုင်ခွင့် အသုံးပြုခွင့်များအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေ၊စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်



**နေပြည်တော် မတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ရှင်းလင်းဆောင်၌ ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန် ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများကို တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန်ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ပါဝင်သော ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ထားရှိမှု၊ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ရသူများလိုက်နာရန် စည်းကမ်းချက်များနှင့် ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အသစ်ချထားပေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးရန် မြေအသုံးပြုခွင့် တောင်းခံထားသူများကို ခွင့်ပြုရန် လျာထားသည့်နယ်မြေဇုန်အလိုက် စုစည်းခေါ်ယူတွေ့ဆုံသွားရန်၊ တွေ့ဆုံချိန်တွင် အမှန်တကယ်စိုက်ပျိုးရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများပြည့်စုံမှုရှိမရှိ တွက်ချက်ရန်၊ တာဝန်ရှိသူများက ကွင်းဆင်းလိုက်လံပြသပြီး သတ်မှတ်စည်းကမ်းချက်များအတိုင်း မှန်မှန်ကန်ကန်စိုက်ပျိုးနိုင်ရန်နှင့် တစ်ပါတည်း စာချုပ်ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုသွားရန်၊ နိုင်ငံပိုင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေနှင့်လွှဲပြောင်းခွင့် လွှဲရောင်းခဲ့သူများကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အရှိန်မတန့်သွားစေရေးစဉ်းစားပေးပြီး အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းခွန်၊ ဝယ်ခွန်များကို ဥပဒေနှင့်အညီ နိုင်ငံတော်သို့ အခွန်ငွေပေးသွင်းစေခဲ့ရာ ဖေဖော်ဝါရီ ၁၇ ရက်တွင် သတ်မှတ်ကာလပြည့်သွားပြီဖြစ်ကြောင်း။

အခွန်ငွေပေးသွင်းရန် ကျန်သူများအနေဖြင့် မိမိတို့ကြိုတင်ကြေညာထားပြီးဖြစ်သည့်အတိုင်း တရားစွဲဆိုခြင်း၊ အမည်မည်းစာရင်းသွင်းခြင်းနှင့် လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းတို့ကို ဗြဲလကုန်အပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် လာရောက်ဆက်သွယ်၍ အခွန်ငွေပေးသွင်းလျှင် သတ်မှတ်ဒဏ်ကြေးဖြင့် ခွင့်ပြုပေးနိုင်ရေးအတွက် ကော်မတီသို့ တင်ပြသွားရန်ဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်ဟုဆိုရုံမျှဖြင့် ဥပဒေကခွင့်လွှတ်မည်မဟုတ်ကြောင်းကိုလည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မည့် လုပ်ငန်းရှင်များကို ရှင်းပြပေးရန်လိုကြောင်း၊ ယခုတစ်ကြိမ် စာချုပ်ချုပ်ဆိုပြီးသူများအနေဖြင့် စည်းကမ်းချက်များအတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ပြီး မိမိတို့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်အတွက် လိုအပ်သော အကူအညီများပေးအပ်သွားရန်ဖြစ်ကြောင်း။

ကော်ဖီစိုက်ခင်းများတွင် ကော်ဖီဆံအစိမ်း (Green Bean)ထိ ထုတ်လုပ်ရန်ဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် သက်ဆိုင်ရာ စက်မှုဇုန်များတွင် စက်မှုဇုန်ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို သေချာစွာရှင်းလင်းပြသရန်နှင့် စိုက်ပျိုးခွင့်ရရှိသူများကို ခြောက်လတစ်ကြိမ် အမှန်တကယ်စိုက်ပျိုးတိုးတက်မှုရှိမရှိကိုကွင်းဆင်းစစ်ဆေးရမည်ဖြစ်ပြီး ကော်ဖီစိုက်ပျိုးမှုတိုးတက်အောင်လုပ်ဆောင်ခြင်းမပြုဘဲ ဟန်ပြဆောင်ရွက်လျှင် လုပ်ကိုင်ခွင့်ရုပ်သိမ်းရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်ကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုစံပြဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ချက်များ၊ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းပေးကြရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ဝင်များက သိရှိလိုသောအချက်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အသေးစိတ်ရှင်းလင်းညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❑ ဒူဘွိုက်စ်ဆွတ်ခူးမှ

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် တစ်နိုင်ငံတည်းသားဖြစ်သော အန်တိုနီဂျိုရှာနှင့် ထိုးသတ်ခဲ့ရာ ငါးချီမြောက်တွင် အလဲထိုးဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

ဒူဘွိုက်စ်သည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံဖြစ်လာသကဲ့သို့ လက်ရှိချန်ပီယံကို ကာကွယ်နိုင်ခဲ့ခြင်းကြောင့် British Boxing Board of Control Awards ဆုအတွက် British Boxing Board of Control (BBBofC) အဖွဲ့က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

British Boxing Board of Control (BBBofC) အဖွဲ့က တစ်နှစ်တာအကောင်းဆုံး လူငယ်လက်ဝှေ့သမားအဖြစ် အာဒမ်အဇင်မ်ကိုရွေးချယ်ခဲ့ပြီး အာဒမ်အဇင်မ်သည် ၂၀၂၄ ခုနှစ်အတွင်း ယူရိုပီယမ်လိုက်ဝယ်သာဝိတ်တန်းချန်ပီယံကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ဗြိတိန်လက်ဝှေ့လောက၏ အနာဂတ်ကြယ်ပွင့်အဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင်လည်း IBO လိုက်ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ရုရှားလက်ဝှေ့သမားလီပီနက်နှင့် ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ချန်ပီယံဖြစ်လာသူဖြစ်သည်။

အာဒမ်အဇင်မ်က “ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာထိုးသတ်ခဲ့တဲ့ စွမ်းဆောင်ရည်အတိုင်း စွမ်းဆောင်နိုင်အောင်ကြိုးစားပြီး နောက်ထပ် ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ဆွတ်ခူးသွားချင်တယ်။ British Boxing Board of Control(BBBofC)အဖွဲ့ရဲ့ တစ်နှစ်တာအကောင်းဆုံးလူငယ်လက်ဝှေ့သမားဆုဟာ ကျွန်တော့်အတွက် ခွန်အားဖြစ်စေမယ့် ဆုတစ်ဆုဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# သံတမန်ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်သည် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရှိသေရန်ဖြစ် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များကို သတ္တိရှိရှိ တာဝန်ထမ်းဆောင်

နေပြည်တော် မတ် ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့်နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို တစ်ဦးချင်းစီမိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သံတမန်ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်သည် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရှိသေရန်ဖြစ်ကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့်ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိတန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကိုထမ်းဆောင်ရခြင်းဖြစ်၍ သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံနှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များကို သတ္တိရှိရှိတာဝန်ထမ်းဆောင်ရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများလိုက်နာရမည့်စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို သိရှိထားရန် လိုအပ်ကြောင်း၊ သံတမန်ကျင့်ဝတ်နှင့်အညီ နေထိုင်ပြီး ပေးအပ်သည့်တာဝန်များကို စိတ်ရင်းစေတနာထား၍ မျှော်မှန်းချက်ရှိရှိဆောင်ရွက်ရန်လိုပါကြောင်း၊ တစ်ဦးချင်းအလိုက် နေထိုင်ကျင့်ကြံရမည့်အပြုအမူများ၊ ကြိုးစားအားထုတ်မှုများကို ဆင်ခြင်ဉာဏ်သုံး၍ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကို ကြိုတင်လေ့လာသွားရန် လိုအပ်ပြီး သိရှိမှသာ တာဝန်ထမ်းဆောင်မှုတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

သံတမန်ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊နှစ်နိုင်ငံအကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရန်သူကို မိတ်ဆွေဖြစ်အောင်၊ မိတ်ဆွေကို အကျိုးစီးပွားဖြစ်ထွန်းအောင် လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ ရောက်ရှိသည့်နိုင်ငံတွင် မြင်တွေ့ရသည့်ဖြစ်ပေါ်တိုးတက်မှုများကိုနမူနာယူ၍ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူတတ်ရန်လိုကြောင်း၊ သံတမန်ဖြစ်သည့်အတွက် Communication Skill၊ Negotiation Skill ကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုကြောင်း။

သံတမန်တစ်ဦးဖြစ်သည့်အတွက် Capacity Building ကို အစဉ်အမြဲမြှင့်တင်နေရန်လိုအပ်ပြီး သားသမီးများ၏ပညာရေးကိုလည်း အားပေးရန်မှာကြားလိုကြောင်း၊ ယနေ့ခေတ်တိုးတက်လာသည့် နည်းပညာရပ်များကို လေ့လာသင်ယူပြီး ထိရောက်စွာအသုံးချတတ်ရန်လိုအပ်ကြောင်း၊ မိမိနိုင်ငံကို အကောင်းဆုံး ကိုယ်စားပြု (Represent) လုပ်နိုင်သူဖြစ်ရန်ကြိုးစားတာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

ထို့ပြင် သံတမန်တစ်ဦးအနေဖြင့် ဘာသာစကားများကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ဘာသာစကားကိုပါ တတ်မြောက်ကျွမ်းကျင်ရန်ကြိုးစားလေ့လာသင်ယူစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများဖွင့်လှစ်

နေပြည်တော် မတ် ၁၀

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ စာအုပ်များကို ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ကြီးမြို့ ရွှေတော်ရပ်ကွက် ဝံသာနုရက္ခိတအသင်း၊ ဝံသာနုသီတဂူဓမ္မစကူးဌာနမှ ကလေးငယ်များက ၃၈ ဖြာမင်္ဂလာသီချင်း၊ လူချွန်လူကောင်းသီချင်းနှင့် သွေးချင်းတို့မြေသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် သည်။ အဆိုပါအခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၂၇၁ ဦးဖြင့် မတ် ၂၀ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင် ကျောင်းသား၊ကျောင်းသူများကို ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။အဆိုပါယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၇၃ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၃၉ ဦးဖြင့်လည်းကောင်း ဧပြီ ၄ ရက်ထိ အသီးသီး ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များ၏စကားသံများ



ဦးကိုကိုလွင်
ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန



ဒေါက်တာမျိုးသိန်းကျော် ပြည်ထောင်စုဝန်ကြီး
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန



ဦးအေးဝင်း ဥက္ကဋ္ဌ(UMFCCI)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်



ဦးအောင်အောင်ဇော်
ဥက္ကဋ္ဌ(MAI လေကြောင်းလိုင်း)

**ဦးကိုကိုလွင် ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန**

ရုရှားနဲ့ဘယ်လာရုစ်နဲ့က ကျွန်တော်နှစ်နိုင်ငံလုံးနဲ့က ရင်းနှီးနေတာကြာပါပြီ။ ဒီနှစ်နိုင်ငံလုံးကိုလည်း ကျွန်တော်အကြိမ်တော်တော်များများရောက်ဖူးပါတယ်။ နံပါတ် တစ် ရုရှားပေါ့နော်။ ရုရှားအနေနဲ့ကတော့ ဒီခရီးစဉ်က State Visit ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း လုပ်ဆောင်ရမယ့်လုပ်ငန်းတွေကိုလည်း သေချာပြင်ဆင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ရုရှားကို စွမ်းအင်ကိစ္စနဲ့ တစ်ခါလာခဲ့ပြီးပါပြီ။ စွမ်းအင်ဝန်ကြီးနဲ့လည်း ကျွန်တော်တွေ့ခဲ့ပါပြီ။ ဒီတစ်ခေါက်မှာလည်း နိုင်ငံတော်အကြီးအကဲနဲ့ နှစ်ဖက်အကြီးအကဲနှစ်ဦးတွေ့ဆုံခဲ့တဲ့အပေါ်မှာ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်တဲ့ သဘောတူညီချက်တွေအပေါ်မှာ ကျွန်တော်သီးခြားစွမ်းအင်ဝန်ကြီးဌာနက ပထမ၊ ဒုတိယဝန်ကြီးနဲ့ သက်ဆိုင်ရာကုမ္ပဏီက အဖွဲ့အစည်းတွေနဲ့ကျွန်တော်တွေ့ဆုံပြီးတော့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ရုရှားကဆိုရင် စွမ်းအင်လုံခြုံရေးနဲ့စွမ်းအင်ဖူလုံရေးအတွက် အလွန်ပြီးပြည့်စုံအောင်ဆောင်ရွက်နိုင်နေတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ဒါကြောင့်မို့လည်း ရုရှားက ဒီနေ့ဒီအချိန်မှာ ဒီလိုရပ်တည်နိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်အများကြီးအားကျပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တော်တော်များများလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက် ဘယ်လာရုစ်ပေါ့။ ဘယ်လာရုစ်ကတော့ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတယ်။ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲကလည်း စိုက်ပျိုးရေးကိုအခြေခံတဲ့ ထုက်ကုန်တွေ၊ ကုန်ထုတ်လုပ်မှုတွေအများကြီးမြှင့်တင်ချင်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့က Mechanize farm ကိုသွားရမှာပေါ့။ ကျွန်တော်တို့သွားဖို့လည်းလုပ်နေကြပါပြီ။ ဒီအပေါ်မှာ ဘယ်လာရုစ်နဲ့ပူးပေါင်းခြင်းက အင်မတန်မှန်ကန်တယ်။ ကောင်းမွန်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဘယ်လာရုစ်က သူတို့ဖိုရမ်မှာလည်း ပြောသွားပါတယ်။ စိုက်ပျိုးရေးကဏ္ဍကကိုပဲ ပြီးခဲ့တဲ့နှစ်က ငါးဘီလီယံကျော် ဝင်ငွေရခဲ့တဲ့အတွက် အရမ်းအားကျဖို့ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဒီလိုမလုပ်နိုင်စရာမရှိပါဘူး။ကျွန်တော်တို့ ကြိုးစားလုပ်ရင်ရပါတယ်။ ဘယ်လာရုစ်နဲ့ပတ်သက်ပြီးတော့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့နည်းပညာတွေ စိုက်ပျိုးရေးကို ကျွန်တော်တို့ Mechanize farm ဖြစ်အောင် လိုအပ်တဲ့စက်ပစ္စည်းကိရိယာတွေထုက်လုပ်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ခြုံပြီးပြောရရင် ဘယ်လာရုစ်နဲ့ ရုရှားနှစ်နိုင်ငံလုံးက အင်မတန်စနစ်ကောင်းပါတယ်။ကျွန်တော် သူတို့နဲ့တွဲပြီးတော့ ဆယ်စုနှစ်တစ်စုကျော်ပါပြီ၊ ကျွန်တော်လုပ်ခဲ့တာ။ အင်မတန်စနစ်ကောင်းပါတယ်။ အတုယူဖို့လည်းကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံ စွမ်းအင်ဖူလုံရေးနဲ့လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ နိုင်ငံသည် ထိုက်သင့်သလောက်စွမ်းအင်အရင်းအမြစ်တွေရှိတယ်။ နံပါတ်တစ် ကျွန်တော်တို့က မရှာဖွေနိုင်သေးဘူး။ ပြီးပြည့်စုံအောင်မရှာဖွေနိုင်သေးဘူး။ ဒီအတွက်ကြောင့်ကျွန်တော်တို့က ရုရှားနဲ့ နည်းပညာအကူအညီရယူပြီး ပူးပေါင်းဆောင်ရွက်မယ်။ နံပါတ် နှစ်က ရှာဖွေလို့တွေ့ပြီဆိုရင်လည်း ကျွန်တော်တို့က ထိထိရောက်ရောက်တူးဖော်နိုင်အောင်လုပ်ရမယ်။ ဒီအပိုင်းကိုလည်း ကျွန်တော်တို့က ရုရှားနဲ့ပူးပေါင်းဆောင်ရွက်ရမယ်။ နောက်ပြီးတော့တစ်ခါ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရ အင်မတန်ကောင်းမွန်တဲ့နေရာရှိပါတယ်။ စွမ်းအင်ကုန်သွယ်မှုကို ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ အထူးသဖြင့် Energy Terminalဟာ မျိုးတွေ။ ကျွန်တော်တို့မှာ နိုင်ငံတကာကိုတင်ပို့နိုင်တဲ့၊ ထိုင်းနဲ့ တရုတ်ကိုတင်ပို့နိုင်တဲ့ ပိုက်လိုင်းတွေရှိတယ်။ ကျွန်တော်တို့ရေနက်ဆိပ်ကမ်းတွေရှိတယ်။ Energy Terminal ဆောက်ဖို့နေရာကောင်းတွေရှိတယ်။ ဒီနေရာ Energy Terminal တွေဆောက်မယ်။ ဒီပိုက်လိုင်းတွေနဲ့ ကျွန်တော်တို့ပို့မယ်၊ ကျွန်တော်တို့နိုင်ငံရဲ့သဘာဝဓာတ်ငွေ့လုံလောက်အောင်လည်း အဲဒီက ရယူမယ်။ ရေနံချက်စက်ရုံတွေဆောက်မယ်။ စက်သုံးဆီကိုသွင်းရတဲ့ဟာ နောက်ဆိုရင်ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ချက်လုပ်ပြီးတော့သုံးစွဲမယ်။ နောက်ဓာတ်မြေသြဇာတွေချက်လုပ်မယ်။ ဒါက ကျွန်တော့်ကဏ္ဍပါ။ ဒီအပိုင်းကိုလုပ်ဖို့အတွက် ရုရှားနဲ့ပူးပေါင်းဆောင်ရွက်မယ်။ ကျွန်တော့်အတွက်လည်း အလွန်ပဲအတွေ့အကြုံရတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနလုပ်ဆောင်နေတာကို ပြည်သူတွေသိမှလည်း၊ ပြည်သူတွေလိုက်ပါဆောင်ရွက်မှလည်း၊ ပြည်သူတွေအကူအညီရမှလည်း အောင်မြင်မှာဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိန်းကျော် ပြည်ထောင်စုဝန်ကြီး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ကျွန်တော်တို့သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဆိုတာကတော့ အဓိကအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံအတွက် ဒါတွေတစ်ထောင့်တစ်နေရာကတာဝန်ယူနေရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုတာကလည်း သိပ္ပံနဲ့နည်းပညာဆိုင်ရာမှာ တကယ့်ကမ္ဘာ့ထိပ်တန်းနိုင်ငံပေါ့နော်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်တွေကလည်း တကယ့်အဆင့်မြင့်တဲ့တက္ကသိုလ်တွေပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအတွက်တော့ ဒီသိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်ရေးရော၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးရော တန်ဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေရရှိခဲ့တယ်လို့ပြောလိုပါတယ်။ ပထမတစ်ချက်အနေနဲ့ကတော့ ခုနကပြောသလို လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပေါ့၊ ဘယ်နေရာမဆို အခြေခံအကျဆုံးက လူသားအရင်းအမြစ်ပဲလေ။ ဒီလူသားအရင်းအမြစ်ကို တကယ့်ကိုလက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် နားလည်မှုတွေ၊ဒီအပြန်အလှန်လက်မှတ်ရေးထိုးနိုင်ခဲ့တာတွေရှိပါတယ်။ ဒါတွေဟာကျွန်တော်တို့နိုင်ငံအတွက်အားပါပဲ၊ တစ်ချိန်မှာကျွန်တော်တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုဖြစ်စေဖို့အတွက် အခြေခံအုတ်မြစ်တွေလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒါ့ပြင် ရုရှားနိုင်ငံဆိုတာက တကယ့်နည်းပညာပိုင်းဆိုင်ရာမှာလည်း ထိပ်တန်းနိုင်ငံပါ အဏုမြူစွမ်းအင်ဆိုရင်လည်း တကယ့်ထိပ်တန်းနိုင်ငံပါပဲ။ အဏုမြူစွမ်းအင်ဆိုတာကလည်း တကယ်တော့ငြိမ်းချမ်းတဲ့နယ်ပယ်မှာ နေရာကဏ္ဍအစုံအလင်မှာ အသုံးချလို့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် အကျိုးကျေးဇူးတွေဖြစ်လာမှာပါ။ ဒါ့ပြင် အာကာသမှာလည်း ရုရှားနိုင်ငံဆိုတာ တကယ့်ထိပ်တန်းရောက်နေတဲ့နိုင်ငံပါ။ ပထမဆုံးဂြိုဟ်တုလွှတ်တင်နိုင်ခဲ့တယ်။ ပထမဆုံး လူသားအာကာသထဲကိုပေးပို့နိုင်ခဲ့တယ်။ ဒီလိုနိုင်ငံဆီကနေ ကျွန်တော်တို့အတွေ့အကြုံတွေမျှဝေခွင့်ရတယ်။ ပညာလေ့လာခွင့်ရတယ်ဆိုတာကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေပါပဲလို့ ကျွန်တော့်အနေနဲ့ပြောလိုပါတယ်ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း ဒါအုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ကို ယုံကြည်ပါတယ်လို့ ပြောလိုပါတယ်ခင်ဗျာ။

**ဦးအေးဝင်း ဥက္ကဋ္ဌ(UMFCCI)**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှာပေါ့နော် ပြီးခဲ့တဲ့ မတ် ၄ ရက်တုန်းက ကျွန်တော်တို့က ရုရှား-မြန်မာ Business Forum တစ်ခုကို ကျွန်တော်တို့ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီ Forum မှာ ကျွန်တော်တို့ ဒီစီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့လူတွေရော၊ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေရော စုစုပေါင်း ၅၀၀ ကျော်တက်ရောက်ခဲ့ကြပါတယ်။ ဒီပွဲမှာတော့ အဓိကတော့ ကျွန်တော်တို့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကြားထဲမှာပေါ့နော် ကုန်သွယ်မှုပိုင်းဆိုင်ရာ နောက်ပြီးတော့ ကျွန်တော်တို့ ရင်းနှီးမှုပိုင်းဆိုင်ရာတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မယ်၊ ဘယ်လိုတိုးမြှင့်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုတာကို ကျွန်တော်တို့ အပြန်အလှန်ဆွေးနွေးခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှာလည်း ကျွန်တော်တို့ပြီးခဲ့တဲ့ မတ် ၆ ရက်ကပေါ့နော်။ အဲဒီမှာလည်း ကျွန်တော်တို့က မြန်မာ-ဘယ်လာရုစ် Business Forum ကို ကျင်းပခဲ့ပါတယ်။ အဲဒီပွဲမှာလည်း ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံဘက်ကနေပြီးတော့ စီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့သူတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော ကျွန်တော်တို့ စုစုပေါင်း ၁၅၀ ဝန်းကျင်လောက် တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပွဲမှာလည်း အလားတူပါပဲ ဘယ်လာရုစ်နိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ ကျွန်တော်တို့စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရနိုင်မလဲ၊ နောက်ကုန်သွယ်မှုတွေကို ဘယ်ဟာတွေက ကုန်သွယ်မှုပြုလုပ်နိုင်မလဲ၊ ဘယ်အပိုင်းတွေကိုတော့ ကျွန်တော်တို့က ရင်နှီးမြှုပ်နှံမှုတွေကိုလုပ်နိုင်မလဲဆိုတဲ့အပိုင်းကို ကျွန်တော်တို့အပြန်အလှန်ဆွေးနွေးခဲ့ပါတယ်။ အလားတူပဲ ဘယ်လာရုစ်ဘက်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ကြားမှာ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်နိုင်ဖို့အတွက် ကုန်သွယ်မှုနဲ့ ကျွန်တော်တို့ တချို့ဒီရင်းနှီးမြှုပ်နှံမှုတွေကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက်ကို MoU တွေလည်းရေးထိုးနိုင်ခဲ့တာရှိပါတယ်။ အဓိကကတော့ ရုရှားနဲ့ရော၊ ဘယ်လာရုစ်နဲ့ရော အဓိကဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ အဓိကပင်မစီးပွားရေးကဏ္ဍက လေးရပ်ရှိတယ်ပေါ့နော်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ကျွန်တော်တို့ ဒီဓာတ်သတ္တုနှင့် သဘာဝသယံဇာတကဏ္ဍရှိမယ်။ နောက် တစ်ခုကတော့ ကျွန်တော်တို့ ဒီဝန်ဆောင်မှုကဏ္ဍပေါ့နော်။ ဒီ လေးရပ်ရှိတယ်ပေါ့နော်။ အဲဒီတော့ အဲ့လေးရပ်အနက်မှာ အဓိကကဏ္ဍတွေဖြစ်တဲ့ စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းနဲ့ နောက်ကုန်ထုတ်လုပ်ငန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်ကနေပြီးတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေ၊ နောက်မြန်မာနိုင်ငံမှာ ဒီကဏ္ဍတွေမှာရှိတဲ့ အခွင့်အလမ်းတွေကို ကျွန်တော်တို့က ရှင်းလင်းဆွေးနွေးပြခဲ့တာရှိပါတယ်။ ဒီကဏ္ဍတွေမှာ ကျွန်တော်တို့က စိတ်ဝင်စားမှုတွေအများအပြားရှိပါတယ်။ ပထမအဆင့်မှာတော့ ကုန်သွယ်မှု၊ အပြန်အလှန်ကုန်သွယ်မှုကို ကျွန်တော်တို့က စတင်မှာဖြစ်ပြီးတော့ နောက်ပိုင်းမှာတော့ ကျွန်တော်တို့က အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ အဲ့ဒီလိုမျိုးအလားအလာတွေကို တွေ့ရှိရပါတယ်။

စာမျက်နှာ ၁၉ သို့

# မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေးရှေးရှုကာ နှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ-တရုတ်နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် တိုးမြင့်လာလျက်ရှိသည့် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

🏳 **ရှေ့ဖုံးမှအဆက်**

ပါတီစုံဒီမိုကရေစနစ်ကို သွားဖို့အတွက် ကျွန်တော်တို့က ဆုံးဖြတ်ပြီးသားဖြစ်တယ်။ ဒါကို ကျွန်တော်တို့က အကောင်အထည်ဖော်နိုင်ဖို့အတွက် တစ်ဖက်က ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ရမှာပေ့ါ။ တစ်ဖက်ကလည်း ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင်လည်း ကျွန်တော်တို့လုပ်ရမှာပေ့ါ။ ဒါကြောင့် ရုရှားသမ္မတကြီးကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ရုရှားဘက်က ကူညီမယ်လို့ သူပဲပြောတယ်။ သို့ပေမယ့်လည်း ဘယ်လာရုစ်သမ္မတကြီး H. E .Mr Alexander Gregoryevich Lukashenko ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အစစအရာရာ ပူးပေါင်းဆောင်ရွက်ပေးမယ်၊ ကူညီပေးမယ်လို့ပြောတယ်။ ကျွန်တော်တို့အတွက် ခွန်အားတွေဖြစ်သလို တိုင်းပြည်အတွက်လည်း အားတစ်ခု ကျွန်တော်တို့ရမှာပါ။ ကျွန်တော်တို့နိုင်ငံက ပထဝီနေအထားအရ ကြည့်မယ်ဆိုလို့ရှိရင် တကယ့်ဆုံချက်မှာရှိတယ်။ အရှေ့တောင်အာရှနိုင်ငံ၊ အာဆီယံနိုင်ငံမှာ အနောက်ဘက်အကျဆုံးနိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အနောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်လောက်ရှိတဲ့ အိန္ဒိယနိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အရှေ့မြောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁၄၀၀ လောက်ရှိတဲ့ တရုတ်နိုင်ငံရှိတယ်။ ဒီသုံးမျိုးပေါင်းလိုက်လို့ရှိရင် လေးဘီလီယံနီးပါးလောက် လူဦးရေရှိတယ်။ အဲဒီတော့ သွားမယ့်နေရာဆုံချက်ကို ကြည့်မယ်ဆိုရင် တောင်ဘက်ကိုသွားရင် အိန္ဒိယသမုဒ္ဒရာရောက်သွားမယ်။ မြောက်ဘက်ကိုသွားမယ်ဆိုရင် တရုတ်နိုင်ငံကိုဖြတ်ပြီး ရုရှားနိုင်ငံကိုရောက်သွားမယ်။ အနောက်ဘက်ကိုသွားမယ်ဆိုရင် အိန္ဒိယနိုင်ငံကို ရောက်သွားမယ်။ အရှေ့တောင်ဘက်ကိုသွားမယ်ဆိုရင် အာဆီယံနိုင်ငံတွေအကုန်ရောက်သွားမယ်။ မြန်မာနိုင်ငံကလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံ မရှိဘူး။ ကျွန်တော်တို့နိုင်ငံကို အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကိုဖြတ်ပြီးတော့ သွားမှာပဲဖြစ်ဖြစ်၊ ခုနကပြောတဲ့ ကြီးမားတဲ့ ဈေးကွက်ကြီး တစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ်။ ကျွန်တော်တို့ဗျာ တကယ်ကိုလက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန်ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာတွေ မပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲ ပြောဖို့ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်းဖြစ်ချင်တာပဲ။ ကျွန်တော်လည်းဖြစ်ချင်တာတွေ အများကြီးရှိတာပဲ။ ဒါပေမဲ့ ကျွန်တော်ဖြစ်ချင်တာ ဖြစ်ချင်မှလည်း ဖြစ်လိမ့်မယ်။ ဖြစ်သင့်တာ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့သွားတာကောင်းတယ်။ ကျွန်တော်တို့ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့ အခွင့်အရေးပဲကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော်ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော်တတ်နိုင်သမျှ လုပ်ပေးပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကုန်ထုတ်လုပ်ငန်းတွေကို မလွတ်ဘူး။ အနာဂတ်အတွက် သိပ္ပံနဲ့နည်းပညာကို ကျွန်တော်မလွတ်ဘူး။ သူတို့က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အခြေခံတဲ့ စက်မှုလုပ်ငန်းတွေက အများကြီးကောင်းတယ်။ သိပ္ပံနည်းပညာမှာလည်း အများကြီးကောင်းတယ်။ သူတို့က အနိမ့်တစ်ခုနဲ့ အမြင့်တစ်ခု အားလုံးကိုအတူတူပေါင်းစပ်ပေးနိုင်တဲ့ အနေအထားရှိတယ်။ အဲဒါက ကျွန်တော်တို့အတွက် လိုအပ်ချက်ပဲ။ ဒါကြောင့် ကျွန်တော်ပြောရပါတယ်။ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီဟာက ကျွန်တော်တို့တိုင်းပြည်အတွက် အကျိုးအမြတ်မုချရှိမယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ **(၅၀၁)**

---

**စာမျက်နှာ ၁၈ မှအဆက်**

**ဦးအောင်အောင်ဇော် ဥက္ကဋ္ဌ(MAI လေကြောင်းလိုင်း)**

ခရီးသွားတွေ များများရောက်ရှိရေးအတွက် ပရိုမိုးရှင်းသွားလုပ်တဲ့ပွဲပေ့ါ။ ခရီးသွားဆိုတာက ဥရောပသားတွေက ဒီအချိန်မှာလာဖို့ သိပ်စိတ်မဝင်စားဘူးလေ။ တကယ်လာချင်တာက ရုရှားတို့၊ အိန္ဒိယတို့၊ တရုတ်တို့ကပဲ မြန်မာပြည်ကို လာချင်တာပေ့ါ။ နောက်တစ်ခုက ထားဝယ်ရေနက်ဆိပ်ကမ်းကို ရုရှားနဲ့ လုပ်မယ်ဆိုတဲ့အခါကျတော့ ဒါနဲ့ပတ်သက်ပြီးတော့ Bussiness Traveller တွေလည်း လာဖို့ရှိတဲ့အတွက်ကြောင့် လေကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့က သွားရောက်ရှင်းလင်းတင်ပြရတာပေ့ါနော်။ ခရီးသွားအရေအတွက် အာမခံချက်ရမယ်ဆိုရင် လေကြောင်းတွေ ဘယ်လိုတိုးမြှင့်ပြီး ပြေးဆွဲမယ်။ ဒီလိုပြေးဆွဲတဲ့နေရာမှာ လက်ရှိလည်း နိုဗိုစီဗစ်ကို ပျံနေတာပေ့ါနော်။ ခရီးသွားလာရေးဆိုတာက မီးခိုးတိတ်စီးပွားရေးရှာတဲ့ဟာပေ့ါနော်။ စက်ရုံ၊ အလုပ်ရုံတွေလို မဟုတ်ဘူး။ အသံတိတ်လေး ပိုက်ဆံဝင်တယ်။ ဟိုတယ်တွေ၊ စကားပြန်တွေ၊ ကျွန်တော်တို့ဘက်ကလည်း ဝန်ဆောင်မှုအပြည့်လုပ်ပေးနိုင်တယ်ဆိုရင် ရုရှားတွေကလည်း ဒီကိုလာဖို့ စိတ်ဝင်စားတယ်။ အထူးသဖြင့် သူတို့က ကမ်းခြေကို အလွန်ကြိုက်တယ်။ ထိုင်းကိုလည်း အရမ်းသွားကြတယ်။ ဖူးခက်တို့ ဗီယက်နမ်ကမ်းခြေတို့ကို သွားတဲ့အချိန်မှာ တိုက်ရိုက်သွားမယ့်အစား အာဆီယံဒေသရဲ့ Gateway တစ်ခုအဖြစ် မြန်မာပြည်ကို အရင်လာလည်၊ မြန်မာပြည်က လည်ပတ်စရာတွေကို နှစ်ရက် သုံးရက်လည်ပြီး ကျန်တဲ့ဒေသတွေကိုသွားပါ။ မြန်မာပြည်ကနေတစ်ဆင့် ပြန်မယ်ဆိုရင် Air Flight တွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးပါမယ်ဆိုပြီး ကျွန်တော်တို့က သွားပြီး ပရိုမိုးရှင်းလုပ်တာ။ ထိုင်းကို ခရီးသွားတွေသန်း ၃၀ လောက် တစ်နှစ်တစ်နှစ်သွားနေတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံကို ၅ ရာခိုင်နှုန်းလောက်ပဲလာ၊ တစ်သန်းခွဲလောက်ပဲလာ၊ နှစ်သန်းလောက်ပဲလာအုံး။ လူတစ်ယောက်က ဒေါ်လာ ၁၅၀၀၊ ၂၀၀၀ လောက်တော့ သုံးရမယ်။ လေယာဉ်လက်မှတ်ခ၊ ဟိုတယ်ခနဲ့ဆိုရင်ကို ကျွန်တော်တို့ရဲ့တိုင်းပြည်မှာ 3 to 5 ဘီလီယံလောက် US ဒေါ်လာဝင်ငွေ စီးဆင်းသွားမယ်ပေ့ါနော်။ အဲဒါနဲ့ဆက်စပ်ပြီး လုပ်ငန်းတွေရကြမယ်။ ဟိုတယ်မှာနေတဲ့လူတွေ လည်ပတ်သွားကြမယ်ဆိုရင် သူ့ရဲ့ဝင်ငွေကိုက ၁၀ ဘီလီယံလောက်အထိတက်သွားနိုင်တယ်ပေ့ါနော်။ ဒါဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးကိုလည်း အများကြီးအထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒီခရီးသွားလုပ်ငန်းမှာ လူဦးရေများများရအောင် သွားပြီးပရိုမိုးရှင်းလုပ်တဲ့ပွဲပါခင်ဗျာ။ ကျွန်တော်တို့ အခုပြောရတဲ့အထဲမှာ တော်တော်များများကတော့ အရမ်းစိတ်ဝင်စားကြတာပေ့ါနော်။ အရင်တုန်းက မြန်မာပြည်ဘာလဲဆိုတာ သူတို့သိပ်မသိတဲ့ လူတွေလည်းရှိကြတာပေ့ါ။ ရောက်ဖူးတဲ့ လူတွေပဲသိကြတာပေ့ါ။ အဲဒီတော့ မြန်မာပြည်မှာ ဘယ်နေရာတွေက လည်လို့ကောင်းတယ်။ ငြိမ်းချမ်းမှုအခြေအနေလည်း ဘယ်လိုအနေအထားတွေရှိတယ်။ ဘယ်နေရာတွေက သွားလို့ရတယ်။ မကြာခင်မှာတော့ အားလုံးအဆင်ပြေပြေနဲ့ သွားလို့ရပါမယ်ပေ့ါနော်။ အဲဒီလိုမျိုးလေးပြောခဲ့တော့ နှစ်နိုင်ငံလုံးကတော့ စိတ်အားထက်သန်စွာနဲ့ ဒီကိုလာချင်ကြတယ်ပေ့ါနော်။ တိုက်ရိုက်ပျံသန်းခွင့်ရရှိရေးတို့၊ ခရီးသည်တွေ သွားလာဖို့ လွယ်ကူဖို့အတွက်တော့ သူတို့တောင်းဆိုတာ ဘာသာပြန်လေးတွေ လုံလောက်ဖို့ရယ်၊ ဟိုတယ်အခန်းအရေအတွက် လုံလောက်မယ်ဆိုရင် သူတို့ရဲ့ Tour Package လာလေ့လာပြီးရင် စီစဉ်ပါမယ်ပေ့ါ။ ၂၀၂၅ ခုနှစ် ရာသီမှာလည်း မီသလောက်လာမယ်။ ၂၀၂၆-၂၀၂၇ ကိုတော့ ခရီးသည်တွေ အများကြီးလာဖို့ သူတို့ဘက်က ခရီးသွားကုမ္ပဏီတွေဘက်ကလည်း အများကြီးစိတ်ဝင်စားတယ်။ နောက်တစ်ခုက အစိုးရ Goverment Travel-ler တွေရှိတယ်။ အစိုးရအရာရှိ၊ မိသားစုဝင်တွေကို သူတို့အစိုးရတွေကပဲ စီစဉ်ပေးတယ်။ အဲဒီလိုခရီးသွားတွေကို တခြားနိုင်ငံလွှတ်မယ့်အစား ကျွန်တော်တို့ နှစ်နိုင်ငံ ချစ်ကြည်ရေး မြန်မာပြည်ကို လွှတ်လိုက်မယ်ဆိုရင်လည်း ဒီလူဦးရေက ပြည့်မီသွားနိုင်တာပေ့ါနော်။ အဲဒါမျိုးလေးရရှိဖို့အတွက် သူတို့ဘက်က Ministry of Tourism တို့ Tourism Board တို့ ခရီးသွားအေဂျင်စီတို့နဲ့လည်း ကျွန်တော်တို့ပြောဆိုညှိနှိုင်းနေတာလည်းရှိပါတယ်။ အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကလည်း ခုကစပြီး ရှေ့လျှောက်ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားတွေလည်း အများကြီးတိုးတက်အောင်မြင်လာလိမ့်လို့ မျှော်လင့်ပါတယ်။ ဘာပဲပြောပြော Positive Thinking ကောင်းတာကိုလုပ်တာဖြစ်တဲ့အတွက် ကောင်းတာတွေဖြစ်လာမှာပါလို့ ယုံကြည်ပါတယ်ခင်ဗျာ။ မြန်မာပြည်ကြီး ဖွံ့ဖြိုးစည်ပင်တိုးတက်ပါစေလို့ ဆန္ဒပြုပါတယ်ခင်ဗျာ။ **(၅၀၁)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိစဉ် လူငယ်ကဏ္ဍ၊ မီဒီယာကဏ္ဍတို့နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်



**လူငယ်ကဏ္ဍ**

**မေး။** ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်ကို သွားတဲ့ ချစ်ကြည်ရေးခရီးစဉ် သတင်းထုတ်လွှင့်မှုတွေကို မီဒီယာအမြောက်အမြားမှာ တွေ့ရပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော်သတိထားမိတာက အဲ့ဒီနိုင်ငံရဲ့ ပြည်နယ်အဆင့် ဝန်ကြီးအများစု၊ ဝန်ထမ်းအကြီးအကဲတွေ၊ အသင်းအဖွဲ့တာဝန်ရှိသူတွေဟာ တက်ကြွတဲ့ လူငယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လူငယ်တွေရဲ့ အခန်းကဏ္ဍဟာ နည်းပါးနေပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ဘယ်လိုထင်မြင်ပါသလဲ။

**ဖြေ။** ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့အခန်းကဏ္ဍက တော်တော်အရေးကြီးပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို သွားပြီဆိုရင် လူငယ်အခန်းကဏ္ဍက ပိုအရေးကြီးတယ်။ ဘာကြောင့် လူငယ်အခန်းကဏ္ဍက အရေးကြီးလဲဆိုတော့ ဒီလူငယ်တွေကပဲ ခေါင်းဆောင်တက်လုပ်မှာဖြစ်တယ်။ ဒီလူငယ်တွေကပဲ အဖွဲ့အစည်းအသီးသီးမှာ ပါဝင်မှာဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ လူငယ်နဲ့ လူကြီးတွေရဲ့ ကွာခြားချက်ပေါ့။ လူငယ်တွေကတော့ သူ့ရဲ့လိုအင်ဆန္ဒပေါ့၊ လူကြီးတွေကတော့ ကြောင့်ကြမှုပေါ့။ အတိုချုပ်ပြောရရင် လူငယ်တွေရဲ့တောင့်တမှုနဲ့ လူကြီးတွေရဲ့ကြောင့်ကြမှု။ လူငယ်တွေရဲ့တောင့်တမှုဆိုတာ လူငယ်တွေဟာ သူတို့က အမြဲတမ်းအလိုရှိတယ်။ တိုးတက်စေချင်တယ်။ လူငယ်တွေဟာ ဒါ့ထက်ပိုပြီးတော့ ကောင်းစေချင်တယ်။ ဒါ့ထက်ပိုပြီးတော့ အလုပ်လုပ်ပြချင်တယ်။ ဒါ့ထက်ပိုပြီးတော့ ကြိုးစားပြချင်တယ်။ လူငယ်တွေရဲ့တောင့်တမှုဟာ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေပါတယ်။ လူကြီးတွေရဲ့ ကြောင့်ကြမှုဆိုတာ ဘာကိုကြောင့်ကြတာလဲဆိုတော့ ဒါကိုလုပ်ပေးလိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက် ဘာတွေထိခိုက်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဝင်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေဖြစ်လာနိုင်မလဲ၊ လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ကြောင့်ကြမှုတွေကို အတိုင်းအတာတစ်ခုအထိ သူတို့နိုင်ငံတွေက ချိန်ညှိပေးနိုင်တယ်လို့မြင်တယ်။ ဘာတွေတွေ့ခဲ့သလဲဆိုတော့ လူကြီးတွေ၊ နိုင်ငံအကြီးအကဲတွေ လူကြီးတွေက ဆွေးနွေးနေတယ်။ ဆွေးနွေးနေတဲ့အချိန်မှာ လူငယ်ဝန်ကြီးတွေက အဲ့ဒီစကားဝိုင်းထဲမှာ ဝင်ပြီးတော့ ပြောချင်ပြောတာပဲ။ လူကြီးတွေကပြောနေတဲ့ စကားဝိုင်းထဲမှာ ဝင်ပြောချင်ပြောတာပဲ။ မှန်ရင် အဲ့ဒီလူကြီးက လက်ခံလိုက်တယ်။ ဆက်ပြော၊ လုပ်ပါလို့ ပြောလိုက်တယ်။ အဲ့ဒီတော့ လူငယ်တွေက ခုနတုန်းကပြောတဲ့ တောင့်တမှုတွေ ဖွံ့ဖြိုးတိုးတက်ချင်မှုတွေနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေ ဒီနှစ်ခုကို ချိန်ညှိရမယ်။ တောင့်တမှုတွေမရရင် ဘာဖြစ်လာမလဲ၊ တောင့်တမှုတွေမရရင် ဒေါသဖြစ်လာတယ်။ ကြောင့်ကြမှုတွေမရရင် ဘာဖြစ်မလဲ၊ ကြောင့်ကြမှုတွေမရရင် မောဟဖြစ်တာပေါ့။ ဒီကြားထဲမှာ ချိန်ညှိပေးနိုင်ရင်တော့ ဒီဟာလည်း ထပ်ပြီးတော့တိုးတက်လာမယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်းထားတာရှိတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဗလငါးတန်ဖွံ့ဖြိုးဖို့ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာရှိပါတယ်။ ဒါတွေလည်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ပဲမြင်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီး ပိုပြီးတိုးတက်တဲ့ အသိအမြင်တွေ၊ ပိုပြီးဆောင်ရွက်ချက်တွေ ဆောင်ရွက်မှာဖြစ်တယ်။ ဒါဟာ လူကြီးတွေရဲ့တာဝန်လည်းဖြစ်တယ်၊ လူငယ်တွေရဲ့ တာဝန်လည်းဖြစ်ပါတယ်။ ခုနကပြောသလို တောင့်တမှုနဲ့ ကြောင့်ကြမှုကို ဟန်ချက်ညီအောင် ထိန်းနိုင်တယ်ဆိုရင် ဒါဟာ ပိုမိုတိုးတက်လာမယ်လို့ မြင်ပါတယ်။

**မေး။ ဒါဆို မြန်မာနိုင်ငံကလူငယ်တွေ ဘာလုပ်သင့်သလဲ။**

**ဖြေ။** လူငယ်တွေအတွက် ကျွန်တော်ပြောချင်တာကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်နိုင်ငံ ဒါ့ထက်ငြိမ်းချမ်းရေး၊ ကိုယ့်နိုင်ငံ ဒါ့ထက်သာယာရေး အတွက် မည်သူက အသိအမှတ်ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ မိမိတာဝန်ပဲ အဲဒီလိုခံယူပြီးတော့ လုပ်သွားပေးကြပါလို့ ပြောချင်ပါတယ်။

**မီဒီယာကဏ္ဍ**

**မေး။ ကျွန်မတို့ သတင်းထုတ်ပြန်မှုတွေကို ကြည့်တဲ့အခါ အခမ်းအနားတိုင်း လုပ်ဆောင်မှုတိုင်းမှာ ရုရှားမီဒီယာတော်တော်များများကို တွေ့ရပါတယ်။ ရုရှားမှာ မီဒီယာကဏ္ဍ တိုးတက်နေတယ်လို့ မြင်ရပါတယ်။ မြန်မာမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

**ဖြေ။** သူတို့နိုင်ငံဘက်က မီဒီယာနဲ့ ကျွန်တော်တို့နိုင်ငံဘက်က မီဒီယာတွေအနေနဲ့ သူတို့မှာလည်း သူတို့ကို မကောင်းရေးတဲ့ မီဒီယာရှိကောင်းရှိမှာပေါ့။ ဒါပေမဲ့ ကျွန်တော်မြင်တာက သူတို့နိုင်ငံဘက်မှာ ခေါ်ထားတဲ့ မီဒီယာတွေရဲ့ လှုပ်ရှားပုံက သူတို့နိုင်ငံ သူတို့ တော်တော်လေးကို ဂုဏ်ယူတယ်။ သူတို့နိုင်ငံကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ဂုဏ်ယူတယ်။ သူတို့လုပ်ရပ်ကို ဂုဏ်ယူတာကို တော်တော်လေးမြင်တွေ့ခဲ့ရတယ်။ ကျွန်တော်တို့သွားလာတဲ့အခါ တချို့သောသတင်းထုတ်လွှင့်ချက်ထဲမှာ သူတို့မီဒီယာတွေရဲ့ လှုပ်ရှားမှုကို ခင်ဗျားတို့မြင်ရမှာပဲ။ ဒီလိုမျိုးလုပ်ဆောင်နိုင်ဖို့ ဒီလိုမျိုးဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ကလည်း ကြိုးစားရမှာဖြစ်တယ်။ မီဒီယာကလည်း ကြိုးစားရမှာဖြစ်တယ်။ အစိုးရပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ မီဒီယာပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ သူတို့နိုင်ငံမှာ ကျွန်တော်တို့တွေ့တာ အလေးပေးဆက်ဆံတာတွေ၊ နေရာပေးတာတွေ၊ မီဒီယာနဲ့ပတ်သက်ပြီး အားပေးအားမြှောက်ပြုတာတွေ တွေ့ရသလို သူတို့ကိုယ်တိုင်ကလည်း တော်တော့်ကို အရည်အချင်းပြည့်ဝပါတယ်။ ပြည့်ဝတယ်ဆိုတာက ကျွန်တော်တို့ မီဒီယာတွေအများစုနဲ့ မြို့တစ်မြို့ရောက်တိုင်း တွေ့ရပါတယ်။ သူတို့မေးတဲ့ မေးခွန်းတွေက မထင်မှတ်တဲ့ မေးခွန်းတွေဖြစ်တယ်။

**မေး။ ဒါဆို မြန်မာနိုင်ငံက မီဒီယာတွေအပေါ်မှာ ဘယ်လိုမြင်ပါသလဲ။**

**ဖြေ။** လက်ရှိမြန်မာနိုင်ငံရဲ့ မီဒီယာအခြေအနေကတော့ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အားမရဘူးလို့ပြောရမှာပေါ့။ အားမရဘူးဆိုတာက နှစ်ပိုင်းပေါ့။ နံပါတ် ၁ အပိုင်းက ပြည်ပကနေရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှု၊ နံပါတ် ၂ အပိုင်းကတော့ ပြည်တွင်းမီဒီယာတွေအနေနဲ့ကတော့ ကျွန်တော်စာနာပါတယ်။ ကန့်သတ်ချက်တွေ အများကြီးထဲက သူတို့လုပ်နေတာဖြစ်တယ်။ သူတို့မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ မရှိဘူးလို့ ပြောတာမဟုတ်ဘူး။ ရှိတယ်၊ ရှိပေမယ့်လို့ ဒါကို သူတို့မှာ ထင်ထင်ပေါ်ပေါ်ပြနိုင်ဖို့၊ ပွင့်ပွင့်လင်းလင်းပြနိုင်ဖို့ ဒါမှမဟုတ် ရက်ရက်ရောရောပြနိုင်ဖို့ အခွင့်အလမ်းနည်းပါးတယ်။ ဘာပဲပြောပြော ကျွန်တော်တို့က ရွေးကောက်ပွဲလုပ်မယ့်အခြေအနေ၊ ရွေးကောက်ပွဲပြီးတဲ့ကာလတွေမှာတော့ ပိုပြီးပွင့်လင်းလာမယ်လို့ မြင်ပါတယ်။ မြန်မာ့မီဒီယာကဏ္ဍလည်း ဒါ့ထက်ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။

## ၂၀၂၅ ခုနှစ် မတ် ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ “**ပြည်သူ့ကြားက ပြည်သူ့စကား**”အစီအစဉ်မှ “**ယဉ်ကျေးမှုအမွေ စောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF**”ခေါင်းစဉ်ဖြင့် ၁၂-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “**သံဃာတော်တွေကို တစ်ပြန်တစ်လှည့် သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ** ” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများကို အသိပေးခြင်း

(၁၀-၃-၂၀၂၅)

၁။ PJ နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လက်ဝယ်ရှိနေသူများသည် အေဂျင်စီအစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ်(ကျွမ်းကျင်)ဖြင့်သော်လည်းကောင်း၊ ခွင့်ပြန်လာသဖြင့် ခွင့်ရက်စေ့ကာ ပြန်လိုခြင်းကြောင့်သော်လည်းကောင်း ပြည်ပနိုင်ငံများသို့ထွက်ခွာမည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ Online မှတစ်ဆင့် လျှောက်ထားကာ(လူကိုယ်တိုင်လာရောက်ခြင်းမပြုရန်) ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရမည်ဖြစ်ပါသည်-

- (က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လိပ်မူ၍ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရန် လျှောက်ထားသည့်စာ၊
- (ခ) နိုင်ငံကူးလက်မှတ်မိတ္တူ(ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်းစာမျက်နှာ)
- (ဂ) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ရှေ့၊ နောက်မိတ္တူ၊
- (ဃ) ခွင့်ပြန်အလုပ်သမားများဖြစ်ပါက သက်တမ်းရှိနေသည့်အလုပ်လုပ်ခွင့်ပါမစ်မိတ္တူနှင့် အလုပ်ရှင်ကခွင့်ဖြင့်နေရပ်သို့ပြန်ရန်ခွင့်ပြုသည့်ခွင့်စာ၊
- (င) အေဂျင်စီများအနေဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက်လုပ်ငန်းဆောင်ရွက်နေသည့် သက်ဆိုင်ရာ Email များသို့ တင်ပြရန်၊
- (စ) မိမိအစီအစဉ်ဖြင့်ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက်တင်ပြရာတွင် သတ်မှတ်အထောက်အထားများနှင့်အတူ migrantdeparture@gmail.comသို့ ပေးပို့လျှောက်ထားရန်၊
- (ဆ) အနည်းဆုံးရုံးပိတ်ရက်(မပါ) ငါးရက်ကြိုတင်၍လျှောက်ထားရန်။

၂။ ဝန်ကြီးဌာနအနေဖြင့် စိစစ်ပြီးနောက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုသည့်စာရင်းများကို Safe Migration Telegram Channel တွင် ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာလေဆိပ်များသို့လည်း ပေးပို့ထားမည်ဖြစ်ပါသည်။ ဤအသိပေးကြေညာချက်ပါလုပ်ငန်းစဉ်ကို ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်(တနင်္လာနေ့)တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC)ပြုလုပ်လိုသူများကို အသိပေးခြင်း

(၁၀-၃-၂၀၂၅)

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ရန် ထွက်ခွာမည့်သူများစာရင်းစိစစ်ခြင်း၊ OWIC ကတ်ထုတ်ပေးသောစက်များ၌ တပ်ဆင်ထားသည့် Software များပြုပြင်ခြင်း၊ OWIC ကတ်ထုတ်ပေးရေးစင်တာများ တစ်နေရာတည်းပေါင်းစည်းခြင်း၊ အလုပ်ရှင်၊ အလုပ်သမားစာချုပ်ချုပ်ဆိုသည့် နေရာများတစ်စုတစ်စည်းတည်းဖြစ်အောင် ပြင်ဆင်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသောကြောင့် OWIC ကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ OWIC ကတ်အသစ်ပြုလုပ်လိုသူများကို ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်(ကြာသပတေးနေ့)မှစ၍ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြထားသည့်အတည်ပြုပြီး အလုပ်ခေါ်စာများ(တင်ပြရက်စွဲအစဉ်အလိုက်)အရ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးသူများကိုလည်းကောင်း၊ မိမိအစီအစဉ်(ကျွမ်းကျင်)ဖြင့် သွားရောက်မည့်သူများကိုလည်းကောင်း စိစစ်ပြီး OWIC ကတ်ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း OWIC ကတ်ထုတ်ယူရရှိမှသာ လေယာဉ်လက်မှတ်ဝယ်ယူခြင်းကိုဆောင်ရွက်ကြရန် လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ

(၁၀ - ၃ - ၂၀၂၅)

| | | | |
|---|---|---|---|
| သိမ်ဇရပ် | ၄၀ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် | ချောက် | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် | ဘားအံ | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၉ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် | မြဝတီ | ၃၉ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၉ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် | ညောင်လေးပင် | ၃၉ ဒသမ ဝ ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဂုဏ်ယူဝမ်းမြောက်ခြင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၁၀ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကိုသွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် အောင်မြင်မှုရလဒ်များအတွက် မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၁၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimi-rovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်မှုများစွာရရှိအောင် ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။


မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၁၀

၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင် ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့် စစ်သည် တော်ကျင့်ဝတ်ရေးဖြေနှင့် တပ်သားအဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို လိုက်လံ ကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့်တို့တွင် ဝင်ရောက် ယှဉ်ပြိုင်ဖြေဆိုသူ ၆၄ ဦး ဝင်ရောက်ဖြေဆို ခဲ့ကြသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပစဉ်။

အလားတူ နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များက အရာရှိ၊ အရာခံ၊ အကြပ်အဆင့် စစ်သည်တော်ကျင့်ဝတ် ရေးဖြေနှင့် တပ်သားအဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆို နေမှုများကို လိုက်လံကြည့်ရှုအားပေး ကြသည်။

အဆိုပါ နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့်တို့တွင် ဝင်ရောက် ယှဉ်ပြိုင်ဖြေဆိုသူ ဦးရေ ၁၂၀ ဝင်ရောက် ဖြေဆိုခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၆၈၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့် ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ် မှုများအရ မတ် ၁၀ ရက်မှ ၁၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၈၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# နန်းယွန်းမြို့နယ် ရောင်ကွန်- ရှိတ်ညို- ကြူယမ်း- ဝပ်ကကျောက်ခေါ်- ဟရှိတ်နုတ်ညိုလမ်း လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

နေပြည်တော် မတ် ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ စစ်ကိုင်းတိုင်းဒေသ ကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း နန်းယွန်းမြို့နယ် ရောင်ကွန်- ရှိတ်ညို-ကြူယမ်း- ဝပ်ကကျောက်ခေါ်- ဟရှိတ်နုတ်ညိုလမ်း ၄၃ မိုင် ၄ ဖာလုံအနက် ၁၀ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်း ပြည့် ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာချင်းလမ်းကို အဆင့် မြှင့်တင်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံ ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေ ၁၂၄၉ အိမ်၊ လူဦးရေ ၁၀၀၇၁ ဦးတို့၏ လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများအတွက် စာဖြေဌာန လေးခု စီစဉ်ထားရှိ

ရန်ကုန် မတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက်ထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများနစ်နာမှုမရှိစေရန်ရည်ရွယ်၍ ဆေးရုံစာဖြေဌာန လေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီး တို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားရှိသည်။


ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား၊ ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန် ဆောင်ရွက်ခဲ့မှုကို ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊၎င်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ်ကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် NUGအဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)များပြုလုပ်ကာ ပြည်ပတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်သည်ဟု မက်လုံးများပေး၍ လိမ်လည်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့အပေါ် ယုံကြည်ခဲ့သည့်ကျောင်းသား၊ကျောင်းသူများသည်ပြည်ပတက္ကသိုလ်များ၌ ပညာသင်ကြားရန် လျှောက်ထားရာတွင် စာရွက်စာတမ်းများ၊ ဘွဲ့လက်မှတ်များမှာ တရားဝင်မှုမရှိသောကြောင့် သက်ဆိုင်ရာတက္ကသိုလ်များမှ လက်မခံသည့်အတွက် ကျောင်းတက်ရောက်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။




ကေဇင်ထွန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ဆေးတက္ကသိုလ်(မန္တလေး)၌ ပညာသင်ကြားခဲ့ပြီး ကလေးဆေးရုံကြီး(မန္တလေး)နှင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးတို့တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ်(မန္တလေး)မှ ဆေးပညာဘွဲ့လက်မှတ်ရရှိခဲ့ပြီး ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိဘဲ ပြည်ပသို့ တရားမဝင်ထွက်ခွာသွားခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး) ယာယီတက္ကသိုလ်ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း(Disloyal Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင်(ဆေးတက္ကသိုလ်-မန္တလေး၊ပါမောက္ခချုပ်အဖြစ်မှ ထုတ်ပယ်ခံထားရသူ)က တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန်အတွက် တရားမဝင်လျှောက်ထားခဲ့ကြောင်း သိရှိရသည်။




အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပေးထားသည့် ကေဇင်ထွန်း၏ယာယီဆေးပညာဘွဲ့လက်မှတ်အတုကို Notary (သက်သေခံချက်) ပြုလုပ်ထားရှိမှု။




ဆေးတက္ကသိုလ်(မန္တလေး)မှ ရရှိခဲ့သည့် ကေဇင်ထွန်း၏ ဆေးပညာဘွဲ့လက်မှတ်။




အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပေးထားသည့် ကေဇင်ထွန်း၏ အမှတ်စာရင်းအတု။

မတ် ၄ ရက်တွင် ဒူဘိုင်းမြို့ရှိ The Data flow Group Company က ကေဇင်ထွန်း၏ ပညာဆက်လက်သင်ကြားရန် လျှောက်ထားမှုနှင့်ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာဘွဲ့လက်မှတ်ကို အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိဆေးတက္ကသိုလ်(မန္တလေး)သို့ အကြောင်းကြားလာခဲ့ကြောင်း၊ အဆိုပါယာယီဆေးပညာဘွဲ့လက်မှတ်ကို တာဝန်ရှိသူများက စိစစ်ခဲ့ရာ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပေးသည့်ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြစ်ကြောင်း သိရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက်သတင်းပို့တင်ပြခဲ့သည်။



ရှေ့နေလှဝင်း၏ Notary (သက်သေခံချက်) ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မှတ်ပုံတင်စာအုပ်နှင့် တံဆိပ်တုံးများကို တွေ့ရစဉ်။

ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု) ပြုလုပ်ပေးခဲ့မှုနှင့် ပတ်သက်၍စိစစ်ရန်အတွက် မတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေလှဝင်း၊ လပြည့်ဝန်း Notaryဆိုင်ပိုင်ရှင် ဇာနည်လွင်(ခ)လပြည့် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးတို့ သုံးဦးကိုလည်းကောင်း၊ မတ် ၆ ရက်တွင် Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦး၊ ကျောက်တံတားမြို့နယ်ရှိ အောင်Notary ဆိုင်ပိုင်ရှင် အေးသီတာနှင့်ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ Angel Online Notary Service လုပ်ကိုင်သူ အိလဲ့လဲ့ထွန်းတို့ လေးဦးကိုလည်းကောင်း ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

၎င်းတို့၏စိစစ်ရရှိချက်များအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကေဇင်ထွန်းက အိလဲ့လဲ့ထွန်း (Angel Online Notary Service)ကို ဆက်သွယ်၍ ၎င်း၏အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ကို Notary (သက်သေခံချက်)ပြုလုပ်ပေးရန် ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း၊ အိလဲ့လဲ့ထွန်းမှ ကေဇင်ထွန်း၏ ဘွဲ့လက်မှတ်(အတု)ကို Notary(သက်သေခံချက်) ပြုလုပ်ရန်နှင့် Notary ဌာနစိတ် (ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ဇာနည်လွင်(ခ)လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)ကို ငွေကြေးပေး၍ ထပ်မံစေခိုင်းခဲ့ကြောင်း၊ ဇာနည်လွင်(ခ)လပြည့်သည် ၎င်း Notary (သက်သေခံချက်)(အတု)ကို ရှေ့နေလှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်)ထံသို့

စာမျက်နှာ ၂၄ သို့

☆ **ကျောဖုံးမှအဆက်**

ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းတပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဥကရစ်ဘွန်တန်နွန်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E Mr. Pranav .Ganesh နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတော့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံပူးပေါင်း၍ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam bling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့ကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အဆိုပါနိုင်ငံများကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများ၊ တတိယနိုင်ငံသားများကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်မည့်ကိစ္စရပ်များ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၅၁၉၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၄၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၅၁၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ကျောက်ကြီးနှင့် မူးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရခဲ့ပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်နှင့် မူးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၆ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရခဲ့ပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များ အနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUGနှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “HUGE Oak” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကင်းပိုင်ခြုံကျေးရွာနေ ဝင်းဇော်ထွန်း (ခ) ဥဿာဦး (ခ) ကျောင်းဆရာအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ၂၃ မှအဆက်**

ငွေကြေးပေး၍ ရှေ့နေလက်မှတ်ရေးထိုးစေခဲ့ပြီး အေးသီတာ(အောင် Notary ဆိုင်ပိုင်ရှင်)နှင့်ချိတ်ဆက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်လက်မှတ်ရရှိနိုင်ရန် ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း၊ အေးသီတာသည် ၎င်းNotary(သက်သေခံချက်)(အတု)ကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတော်ဌာနစိတ်(ရန်ကုန်)တွင် လက်မှတ်ရေးထိုးနိုင်ရန် ပွဲစား ခိုင်ခိုင်(ထွက်ပြေးတိမ်းရှောင်)ကို ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း သိရှိရသည်။

ပွဲစား ခိုင်ခိုင်(ထွက်ပြေးတိမ်းရှောင်)သည် ကေဇင်ထွန်း၏ Notary (သက်သေခံချက်)(အတု)ကို Notary ဌာနစိတ်(ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ရုံးအုပ်မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့ကိုငွေကြေးပေး၍ဆောင်ရွက်စေခဲ့ကြောင်း၊ ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့က Notary (သက်သေခံချက်)(အတု)ကို ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးထံသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးက ငွေကြေးရယူ၍ ၎င်း Notary (သက်သေခံချက်)(အတု)ကို လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး) ယာယီတက္ကသိုလ်ကောင်စီက ထုတ်ပေးခဲ့သည့် တရားမဝင်ယာယီဆေးပညာဘွဲ့လက်မှတ်အတုဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန် လျှောက်ထားသည့် ကေဇင်ထွန်းကို Black List (အမည်မည်းစာရင်း) ရေးသွင်း၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ကို No-tary (သက်သေခံချက်) ပြုလုပ်ပေးခဲ့သူများဖြစ်ကြသော အိလဲ့လဲ့ထွန်း(Angel Online Notary Service)၊ ဇာနည်လွင်(ခ) လပြည့်(လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)၊ ရှေ့နေလှဝင်း(ရွှေပြည်အောင်Notaryဆိုင်ပိုင်ရှင်)နှင့် အေးသီတာ (အောင် Notary ဆိုင်ပိုင်ရှင်)တို့ လေးဦးကိုလည်းကောင်း၊ ၎င်းဘွဲ့လက်မှတ်(အတု)ကို ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး၊ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦးတို့ သုံးဦးအားလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ပွဲစား ခိုင်ခိုင်ကိုလည်းကောင်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့်လည်း မိမိတို့၏ သားသမီးများကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော တက္ကသိုလ်များတွင်သာ တက်ရောက်ပညာသင်ကြားစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့မှ တရားမဝင်ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများတွင် စာသင်ကြားမှုများမပြုလုပ်ရန်၊ ၎င်းတရားမဝင်တက္ကသိုလ်များ၊ ပညာရေးကျောင်းများ၊ အွန်လိုင်းပညာရေးစနစ်များနှင့်ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်သည်။ (၅၀၁)

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

နေပြည်တော် မတ် ၁၀

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများစဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် - မတ်လမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဝါသီးနှံ ကေအားလုံး ရာနှုန်းပြည့်သိမ်းဆည်းပြီးစီး



**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဝါသီးနှံကေအားလုံး သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၈၀၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဝါစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်သိမ်းဆည်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၃၃၇ ဒသမ ၇၈ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ဝါသီးနှံ ၅၈၀၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဝါစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီ ဖြစ်ပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ လွယ်ကူစွာ စိုက်ပျိုးသွားနိုင်ဖို့ စိုက်ပျိုးရာသီအမီ ဝါမျိုးစေ့တွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံ တစ်ကေလျှင် ငွေကျပ် သုံးသိန်းငါးသောင်းကျော် ကုန်ကျပြီး ဝါတစ်ကေလျှင် ပိဿာ ၁၀၀၀ ဝန်းကျင် ထွက်ရှိကြောင်း သိရသည်။

ဝါကိုအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကိုနှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရန် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ကွမ်းရွက်များအရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် မတ်ပထမပတ်မှ ယနေ့ထိ ကွမ်းရွက်များဝယ်ယူမှု ကောင်းမွန်လာပြီး တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ ထိ ကွမ်းရွက်ပိဿာချိန် အများအပြား အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

''ပန်းတနော်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းရွက်တွေက အရည်အသွေးကောင်းမွန်ပါတယ်။ လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိပါတယ်။ပြီးခဲ့တဲ့ရက်ပိုင်းကတည်းက ဒေသထွက်ကွမ်းရွက် ပိဿာချိန်များများ အရောင်းအဝယ်ဖြစ်ခဲ့တာပါ။ လက်ရှိလဲ ကွမ်းရွက်တွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှု ကောင်းလာတဲ့အတွက် ကွမ်းစိုက်သူတွေ အဆင်ပြေနေပါတယ်''ဟု ပန်းတနော်မြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်ကာ ဝယ်ယူသည့်ဝယ်လက်များထံကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် စက်စက်ယိုကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်စက်ယိုကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စက်စက်ယိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၇၁ ဒသမ ၄ သန်းကို စက်စက်ယိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက စက်စက်ယိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကိုငွေကျပ် ၃၉ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၃၁ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။

**ကိုညီ**

# ကြည့်ပါအဆွေ သာစွမြေ

- အိုအဆွေ သည်မြေဖွား
တည်စေအား စည်းလုံးလျှင်၊
မြန်တိုင်းပြည် အလှတိုး
တန်ဖိုးစုံလင်၊
မျိုးချစ်စိတ် ရှေ့တန်းတင်
ရွှေလှမ်းချင် ပြည်အနှံ့၊
သာစွမြေ ဂုဏ်လျှံမောက်
တို့တည်ဆောက်အံ့။

- တောင်တန်းပေါ် တောမြေပြန့်
ရှင်းသန့်ဖို့ ချစ်မိတ်ဆွေ၊
မြန်တိုင်းပြည် အလှထူး
မြူးပျော်ရာမြေ၊
တွဲလက်နှင့် မေတ္တာဝေ
သစ္စာတွေ ကြိုးနှောင်ထပ်၊
သည်ရေမြေ ဂုဏ်မချို့တယ်
မြို့ရွာနေရပ်။

- ဥဏ်နှင့်ယှဉ် သုံးသပ်လို့
ဂုဏ်ဒြပ်တို့ အောင်မြေသာ၊
အိုအဆွေ သင်အသိ
မြင်ကြည့်မြို့ရွာ၊
မြဲတည်ဖို့ ကြိုးစားပါ
နိုးကြားစွာ စိတ်မရိုင်း၊
နိုင်ရာဝန ညီအမျှရယ်နှင့်
ပြိုင်ကာယှဉ် တည်ကြမှ
ပြည်လှသမိုင်း။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သံတောင်ကြီး မတ် ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် တောပြာကြီးကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ သံတောင်ကြီးမြို့နယ် ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ကိုမွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေ ၅၇ ဒသမ ၆၉ သန်းဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်း နှစ်မိုင် ခြောက်ဖာလုံ၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်၊ ရေတားတံမံတည် ဆောက်ခြင်းလုပ်ငန်းများကို ဌာနကော်မတီမှ ၂၀၂၄ ခုနှစ် ဇွန်လတတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၆၇ အိမ်မှ လူဦးရေ ၇၉၅ ဦးအတွက် သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်ထံမှ သိရသည်။

**ကိုသက်**

# လူအများနှင့် ပြေပြစ်စွာဆက်ဆံနည်း

ဗညားကျန်းထော

သမိုင်းစဉ်တလျောက်နိုင်ငံများ၏ ဖြစ်ပေါ်ပြောင်းလဲမှု၊ ခေတ်စနစ်များအဆင့်ဆင့်ပြောင်းလဲမှုတွင် နိုင်ငံရေးအင်အားစုအားကောင်းခြင်းသည် အရေးကြီးကြောင်း တွေ့ရသည်။ နိုင်ငံရေးစွမ်းအားတွင် အင်အားနှစ်မျိုးရှိသည်။ စည်းရုံးရေးနည်းနှင့် စစ်ရေးနည်းတို့ဖြစ်သည်။

၁။ Soft Power: စည်းရုံး၊ သိမ်းသွင်း၊ ဆွဲဆောင်ခြင်းပါဝါအပျော့နည်း။

၂။ Hard Power: စစ်ရေးနည်း၊ အင်အားအသုံးပြုအနိုင်ယူနည်း၊ ပါဝါအမာနည်း။

၃။ Smart Power: သစ်လွင်ခေတ်မီသော ပါဝါနည်း။

နှစ်ဖက်ရင်ဆိုင်အားပြိုင်ကြရင်းပင် အမေရိကန်နိုင်ငံက ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံကို အနိုင်ယူ၍ စစ်အေးတိုက်ပွဲအဆုံးသတ်သွားနိုင်သည်မှာ သတင်းမီဒီယာလွှမ်းမိုးခြင်း၊ မှိုင်းတိုက်ဖြိုခွဲခြင်းနည်းဖြင့် အသုံးချခဲ့ခြင်းဖြစ်၏။ မျက်မှောက်ခေတ်တွင် အွန်လိုင်းမီဒီယာကို တွင်ကျယ်စွာအသုံးပြုနေချိန်ဖြစ်၍ မိမိတို့သည်လည်း ဤနည်းလမ်းများကိုသိရှိတတ်ကျွမ်းသင့်ကြပေသည်။

လူအများနှင့်ဆက်ဆံသည်ဖြစ်စေ လူတစ်ဦးချင်းစီနှင့် ဆက်ဆံသည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပါတီစည်းရုံးရေးမှူး စသည်တို့သည် လူအများနှင့်ပြေပြစ်စွာဆက်ဆံနည်းကို သိရှိ၍ ကျင့်သုံးမှသာလျှင် မိမိရည်ရွယ်ချက်နှင့်ဘဝ တိုးတက်အောင်မြင်မှုကို ရကြမည်ဖြစ်ပေသည်။

လူမျိုး၊ ဘာသာ၊ အယူအဆ၊ ပါတီမူဝါဒ၊ ကျား၊ မ၊ အသက်အရွယ်၊ မြို့နှင့်တောရွာနေထိုင်ရာဒေသ၊ တောင်ပေါ်မြေပြန့်၊ အသက်မွေးဝမ်းကျောင်းအလုပ်စသည်တို့ မည်သို့ပင်ကွဲပြားခြားနားစေကာမူ ကျွန်ုပ်တို့မှာ မတူတာလည်းရှိမည်။ တူတာလည်းရှိကြမည်။ ဤအချက်ကို အလေးထား၍ စဉ်းစားတတ်ရပါမည်။

ကျွန်ုပ်တို့မှာ ဤနိုင်ငံသားများသာဖြစ်ကြသည့်အလျောက် နိုင်ငံသားတစ်ယောက်မှာ လုပ်ဆောင်ရမည့်တာဝန်များ၊ ကျေပွန်ရမည့် ဝတ္တရားများကို မဖြစ်မနေ လိုက်နာဆောင်ရွက်ကြရပေလိမ့်မည်။ ဥပမာ–

၁။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကာကွယ်ရေး

၂။ နယ်မြေတည်တံ့ခိုင်မြဲရေး

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

၄။ ပြည်ထောင်စုမပြိုကွဲရေး

၅။ အေးချမ်းသာယာရေး၊ လုံခြုံရေး

၆။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး

၇။ ပြည်သူတို့၏လူနေမှုဘဝ မြင့်မားရေး စသည်။

ဘယ်သူခွဲခွဲသွေးမကွဲ၊ အမြဲစည်းလုံးမည်။ စည်းလုံးပါကအင်အားရ။ ပကတိအမှန်တရားကို ပွင့်လင်းစွာဖော်ပြရလျှင် ဆယ်စုနှစ်အနည်းငယ်အတွင်းတွင် အိမ်နီးချင်းနိုင်ငံများသည် မိမိတို့နိုင်ငံထက် ပိုမိုတိုးတက်ကောင်းမွန်သွားကြသည်ကို မြင်တွေ့ကြရသည်။ မိမိတို့အဆင့်နိမ့်ကျ မကျန်ရစ်ခဲ့ရအောင် စည်းလုံးညီညွတ်စွာ ကြိုးစားလုပ်ဆောင်ကြရပေလိမ့်မည်။ အချင်းချင်းမှာ ဆက်ဆံရေး အရည်အသွေးပိုကောင်းလျှင် အကျိုးထူးကြမည်။

လူတစ်ယောက်အစွမ်းကုန် အလုပ်လုပ်လာအောင် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများမှာ ထိုသူကို စိတ်ဝင်စားစွာအသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်းနှင့် အားပေးအားမြှောက်ခြင်းပင်ဖြစ်ပေသည်။ အဆင့်ဆင့်သောဝန်ထမ်းတိုင်းကို လုပ်ချင်ကိုင်ချင်စိတ်ထက်သန်တက်ကြွနေရန် ဆွဲဆောင်နိုင်ရမည်။ လုပ်ငန်းခွင်မှာ ကျွမ်းကျင်ထိရောက်စွာ လုပ်တတ်ကိုင်တတ်ရှိရန် သင်ကြားလေ့ကျင့်နေရမည်။ မည်သို့ ဆွဲဆောင်ရမည်နည်း။

၁။ အသိအမှတ်ပြုပေးပါ။ ဂရုစိုက်တာခံချင်ကြပါ၏။

၂။ ချီးကျူးပါ။ စိတ်လိုလက်ရချီးကျူးပါ။

၃။ အားပေးပါ။ စိတ်ပါလက်ပါထိတွေ့အားပေးပါ။

၄။ လေးစားခင်မင်မှုကိုပြပါ။ ရင်းနှီးဆက်နွှယ်မှုအရေးပါ၏။

၅။ ခေါ်လျှင်လာချင်အောင်ခေါ်တတ်ပါစေ။

**❖လူအများနှင့်ဆက်ဆံသည်ဖြစ်စေ လူတစ်ဦးချင်းစီနှင့် ဆက်ဆံသည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပါတီစည်းရုံးရေးမှူး စသည်တို့သည် လူအများနှင့်ပြေပြစ်စွာဆက်ဆံနည်းကို သိရှိ၍ ကျင့်သုံးမှသာလျှင် မိမိရည်ရွယ်ချက်နှင့် ဘဝတိုးတက်အောင်မြင်မှုကို ရကြမည်ဖြစ်ပေသည်။ လူမျိုး၊ ဘာသာ၊ အယူအဆ၊ ပါတီမူဝါဒ၊ ကျား၊ မ၊ အသက်အရွယ်၊ မြို့နှင့်တောရွာနေထိုင်ရာဒေသ၊ တောင်ပေါ်မြေပြန့်၊ အသက်မွေးဝမ်းကျောင်းအလုပ် စသည်တို့ မည်သို့ပင်ကွဲပြားခြားနားစေကာမူ ကျွန်ုပ်တို့မှာ မတူတာလည်းရှိမည်။ တူတာလည်းရှိကြမည်။ ဤအချက်ကို အလေးထား၍ စဉ်းစားတတ်ရပါမည်။❖**

၆။ ခိုင်းလျှင်လုပ်ချင်အောင် ခိုင်းတတ်ပါစေ။

၇။ တောင်းလျှင်ပေးချင်အောင်(အကြည်အသာ) တောင်းပါ။

၈။ ရောင်းလျှင် ဝယ်ချင်အောင်ရောင်းတတ်ပါစေ။

၉။ ခေါင်းဆောင်သူက စံနမူနာပြလျက် ဦးဆောင်ပါလေ။

အကယ်၍သာ "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့"ဟု ဆိုလျှင် ဘယ်သူကမှ လေးစားလိုက်နာစိတ်ပါမည်မဟုတ်ပါ။

ပြီးခဲ့သောနှစ် ၁၀၀ ကာလဆီမှာ အမေရိကန်နိုင်ငံတွင် တစ်လလျှင် ဒေါ်လာ ၂၀၀ လခ ရပါက လူတစ်ယောက်စားဝတ်နေရေး လုံလောက်သည်။ မိသားစုအနည်းငယ်ကိုပင် ဝလင်အောင် ကျွေးမွေးနိုင်သေး၏။ ထိုအချိန်တွင် လူတစ်ယောက်ကို လုပ်ငန်းအလွန်ကြီးမားသော ကုမ္ပဏီကြီးတစ်ခုက တစ်နှစ်စာလခ ဒေါ်လာတစ်သန်းပေး၍ အလုပ်ခန့်ထားခဲ့သည်။ သူ့အမည်မှာ ချားလ်ရှွပ်ဖြစ်၏။

မစ္စတာချားလ်ရှွပ်ကို ဤမျှလစာပေး၍ ငှားရမ်းသူမှာ ကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီဖြစ်၏။ သံမဏိကုမ္ပဏီကြီးက ထိုကုမ္ပဏီ၏ ဥက္ကဋ္ဌချယ်ယာမင်တာဝန်ရာထူးပေး၍ ငှားခဲ့ခြင်းပင်။ အမှတ်တကယ်ဖြစ်ခဲ့ရှိခဲ့သော သက်ရှိထင်ရှားပုဂ္ဂိုလ်များဖြစ်ပါ၏။ မစ္စတာချားလ်ရှွပ်က အင်ဂျင်နီယာလည်းမဟုတ်၊ စီးပွားရေးပညာရှင်၊ ငွေစာရင်းကျွမ်းကျင်သူလည်းမဟုတ်ပါ။ ထိုခေတ်က မြို့တော်ဝန်၊ ဆီနိတ်လွှတ်တော်အမတ်၊ နိုင်ငံရေးခေါင်းဆောင်လည်းမဟုတ်ပါ။ လူတကာထက်သူက ဘယ်အရာများ သာနေလို့ လဲ။ ဘာတော်တာလဲဆိုရလျှင် "လူအများနှင့်ပြေပြစ်စွာ ဆက်ဆံတတ်ခြင်း"အရာတွင် ဖြစ်လေသည်။

ထင်ရှားကျော်ကြားသော စာရေးဆရာတစ်ဦးက သံမဏိကုမ္ပဏီဥက္ကဋ္ဌဖြစ်နေသူ ချားလ်ရှွပ်ကိုမေးဖူးသည့် "လူတွေအများနဲ့ပြေပြေလည်လည် ဘယ်လိုဆက်ဆံသလဲ"

"ကျွန်တော်က ဝန်ထမ်းတွေ စိတ်ပါလက်ပါ အလုပ်လုပ်ချင်လာအောင်လုပ်ပေးနိုင်တဲ့ စွမ်းအားဟာ ကျွန်တော့်မှာပိုင်ဆိုင်သမျှ အရည်အချင်းတွေထဲမှာ အကောင်းဆုံးပဲထင်ပါတယ်"

"လူတစ်ယောက်အစွမ်းကုန် အလုပ်လုပ်လာအောင် ဆောင်ရွက်ပေးနိုင်တဲ့နည်းလမ်းမှာ အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်း၊ အားပေးခြင်းတို့ပဲဖြစ်ပါတယ်။ အထက်လူကြီးရဲ့ ကဲ့ရဲ့ခြင်း၊ အပြစ်တင်ခြင်းကို ဝန်ထမ်းတွေက စက်ဆုပ်ရွံမုန်းကြပါတယ်။ ဒါကြောင့် ဘယ်တော့မှ လူတွေကို မဝေဖန်ပါဘူး။ အပြစ်မတင်ပါဘူး။ ကျွန်တော်သဘောကျတာတွေ့ရင် စိတ်ပါလက်ပါ ချီးကျူးပါတယ်။ အားရပါးရထောက်ခံအားပေးတယ်"

ဒေါ်လာတစ်သန်းတန်သော နည်းပညာတစ်ရပ်ကို ယနေ့စာဖတ်သူသည် ကံကောင်းထောက်မစွာ ဘဝတစ်ခုလုံးကို ပြောင်းပြန်လှန်၍ ပြောင်းလဲလိုက်ဘိသကဲ့သို့ လက်ဝယ်ပိုင်စွာ သိမြင်ရရှိလိုက်ပါပြီ။

၁။ ပထမဦးဆုံး လူတွေအပေါ်ရှုမြင်ရာတွင် အပြုသဘောအမြင်ရှိရပေမည်။ မညစ်ပါနှင့်၊ မရစ်ပါနှင့်၊ မကျစ်ပါနှင့်။ သူတစ်ပါးအားနည်းချက်၊ အပြစ်၊ ချို့ယွင်းချက်ကို မရှာပါနှင့်။ မနှိမ်ပါနှင့်။ လူရှေ့သူရှေ့ မဆူပါနှင့်။ မေတ္တာရှေ့ထား၍ ကောင်းစေလိုသောသဘောထားနှင့် လူအများအပေါ် ဆက်ဆံပြုမူပါ။

၂။ အထက်လူဖြစ်စေ၊ အောက်လူဖြစ်စေ ဘယ်သူ့ကိုမှ အပြစ်တင်၊ ငြူစူ၊ မုန်းတီး၊ အခဲမကျေ၊ ခံစားမှုမရှိပါလေနှင့်။ ခေါင်းထဲမှာအမှိုက်တွေထည့်ထားပြီး အမှိုက်စော်သာနံနေတတ်ပါသည်။ သန့်ရှင်းပစ်လိုက်ပါ။ အစစအရာရာ မေတ္တာပါမှအဆင်ပြေ၏။

၃။ အပြစ်တင်စကားသည် ဆိုးကျိုးကိုသာဖြစ်စေ၍ ဝန်ထမ်းအချင်းချင်းအပေါ်သာမက ကလေးသူငယ်မှအစ၊ ခွေး၊ ကြောင်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားစသော တိရစ္ဆာန်များအားလုံးကိုပါ မငေါက်ပါလေနှင့်။ ဆူပူဆဲရေးမာန်မဲခြင်းမပြုပါနှင့်။ ချိုသာစကားကို အားလုံးကကြိုက်ပါ၏။

၄။ စည်းကမ်းရှိပါ။ ကျင့်ဝတ်လိုက်နာပါ။ တာဝန်ကိုလေးစားပါ။ လူတွေက ကိုယ်တိုင်ကသာ စည်းကမ်းမရှိချင်မရှိမည် စည်းကမ်းရှိသူကိုသာ သူကရိုသေချင်သည်၊ ကြိုက်သည်၊ လိုက်နာချင်ပါသည်။ ခေါင်းဆောင်ကောင်းအနေနှင့် ကောင်းမွန်သောအရည်အသွေးလက္ခဏာများကို ရှေ့ကစံနမူနာပြပါ။

**၅။ လူတွေဘာကြိုက်ကြသလဲ။ လူတွေကြိုက်အောင်လုပ်ဆောင်ရန်**

(က) လူတွေက စည်းကမ်းကောင်းသူကြိုက်၏။ ကောင်းပါ။

(ခ) စည်းစနစ်ရှိသူကိုလေးစား၏။ စည်းစနစ်ရှိပါ။

(ဂ) အပြောအဆိုယဉ်ကျေးချိုသာခြင်း။

(ဃ) အဝတ်အစားသပ်ရပ်သန့်ရှင်းခြင်း။

(င) သူတစ်ပါးကို စာနာကြင်နာ နားလည်ခြင်း။

(စ) သူတစ်ပါးကိုကူညီအားပေးတတ်ခြင်း။

(ဆ) ပေးကမ်းထောက်ပံ့ရက်ရောခြင်း။

(ဇ) သူတစ်ပါးကို လေးစားစွာဆက်ဆံခြင်း။

(ဈ) ပြုံးရွှင်ကြည်လင်ခြင်း။

(ည) အများအကျိုးကိုဆောင်လိုစိတ်ရှိခြင်း။

**၆။ လူတွေဘာမကြိုက်ဘူးလဲ။ ရှောင်ရပေမည်။**

(က) ဒေါသကြီးခြင်း၊ ရန်လိုခြင်း။

(ခ) မောက်မာ၊ ရိုင်းစိုင်းခြင်း။

(ဂ) လိမ်ညာ၊ လှည့်စားခြင်း။

(ဃ) တစ်ကိုယ်ကောင်းဆန်ခြင်း။

(င) အသေးအဖွဲ ဇီဇာကြောင်ခြင်း။

(စ) အပြစ်ရှာ၊ အပြစ်တင်၊ အတင်းပြောခြင်း။

(ဆ) သူများကိုချောက်တွန်း၊ ချောက်ချခြင်း။

(ဇ) သူတစ်ပါးကောင်းစားမှုမနာလိုတတ်ခြင်း။

(ဈ) အပျင်းထူ၊ အလုပ်မလေးစားခြင်း။

(ည) မျက်နှာအောက်သိုး၊ စူပုပ်ခြင်း။

စာဖတ်သူလည်း အကြိမ်ကြိမ်ဖတ်ဖူးမှတ်ဖူးပြီးသားဖြစ်ကောင်းဖြစ်နိုင်ပါသည်။ လွန်ခဲ့သောနှစ် ၉၀ ကာလဆီက ဒေးလ်ကာနက်ဂျီရေးခဲ့ပြီး ဦးနုဘာသာပြန်ခဲ့သော မိတ္တဗလဋ္ဌိကာခေါ် How To Win Friends and Influence The People စာအုပ်ထဲမှ အနှစ်ချုပ်ကို တင်ပြပါရစေ။ ကြီးမားသောတိုးတက်ပြောင်းလဲမှုများ လက်တွေ့ရပေမည်။

၁။ လူတွေကို အမှန်တကယ်စိတ်ဝင်စားပါ။ (တစ်ဦးချင်း၏အကြိုက်၊ မကြိုက်တို့ကို စူးစမ်းမှတ်သားထားပါ။ သူကြိုက်တာနှင့်ဆက်နွှယ်ပါ)

၂။ ပြုံးပါ။ ပြုံးခြင်း၏စွမ်းအားက ထက်ဝက်မကအောင်မြင်ချောမောစေပါသည်။

၃။ စကားပြောလျှင် နာမည်ခေါ်ပြီးပြောဆိုပါ။ သူ့နာမည်ကိုကြားရလျှင် မည်သူမဆိုကျေနပ်၏။

၄။ တစ်ဖက်သားစကားပြောနေစဉ်မှာ သေချာစွာ အာရုံစူးစိုက်၍ နားထောင်ပါ။ သူ့မျက်နှာကိုကြည့်နေပါ။ များများသူပြောပါစေ။

၅။ တစ်ဖက်သား စိတ်ဝင်တစားရှိသောအကြောင်း အချက်ကို အစပျိုး၍ ဆက်လက်ပြောချင်အောင်ဆွဲဆောင်စည်းရုံးပါ။ ကောင်းသောနားထောင်သမားသည် အောင်မြင်ပါသည်။

၆။ စိတ်ရောကိုယ်ပါဖြင့် တစ်ဖက်လူကို သူ့ကိုယ်သူအထင်ကြီးအောင် မြှောက်ပင့်ပေးပါ။

၇။ အပြစ်တင်စကားမပြောပါနှင့်။ ဘယ်သူမှမကြိုက်။

၈။ မိတ်ဆွေဖွဲ့ဖို့ရာ မိမိကစတင်ချဉ်းကပ်ပါ။

၉။ သူတို့က မိမိအတွက် တစ်ခုခုလုပ်ပေးသောအခါ ချီးမွမ်းပါ၊ အသိအမှတ်ပြုပါ။ ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောဆိုပါ။

အထက်ပါအချက်များမှာ နှစ်ပေါင်းများစွာကြာမြင့်သော စကားကောင်းစကားမွန် အဖိုးတန်ရတနာများဖြစ်၍ အံ့သြလောက်အောင် ကြီးမားသော အောင်မြင်မှုများအတွက် လမ်းခင်းပေးနိုင်ပါသည်။ လက်တွေ့ကျင့်သုံးကြည့်စေလိုသည်။

တိုးတက်အောင်မြင်ပျော်ရွှင်ကြပါစေ။

# ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စုတွင် လောင်ကျွမ်းနေသောတောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ပြီဖြစ်



**တိုကျို မတ် ၁၀**

ဂျပန်နိုင်ငံ မြောက်ဘက်ပိုင်း အိုင်ဝါတီစီရင်စုတွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး ၁၂ ရက်အကြာတွင် တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည်နေအိမ်နှင့်အခြေခံ အဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် အဆောက်အအုံအလုံး ၂၁၀ ထိမီးလောင်ကျွမ်းပျက်စီးခဲ့ပြီး ဒေသခံ ၂၄၂၄ ဦးထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၂၉၀၀ ခန့်ထိပျက်စီးခဲ့ပြီး တောမီးကူးစက်လောင်ကျွမ်းမှုကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်ထားပြီး ဂျပန်အစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းတဲ့ နေရာတွေကို အသေးစိတ်စစ်ဆေးမှုတွေပြုလုပ်ပြီး ဖြစ်ပါတယ်။ တောမီး ထပ်မံလောင်ကျွမ်းလာနိုင်တဲ့အခြေအနေမှာ မရှိတော့တဲ့အတွက် ဘေးကင်းသွားပါပြီ။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်သွားမှာလဲ ဖြစ်ပါတယ်"ဟု အိုဖူနာတိုမြို့တော်ဝန် ကီယိုရှိက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ခြင်းမှာ မိုးရွာသွန်းမှုကြောင့်ဖြစ်ပြီး တောမီးကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တောမီးလောင်ကျွမ်းသည့် ဧရိယာများသို့ သွားရောက်စစ်ဆေးခဲ့ပြီး တောမီး ထပ်မံလောင်ကျွမ်းလာနိုင်ခြင်း မရှိတော့သည့်အတွက် အန္တရာယ်မရှိတော့ကြောင်း၊ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တောမီးအဓိကလောင်ကျွမ်းခဲ့သည့် မြို့မှာ အိုဖူနာတိုမြို့ဖြစ်ပြီး ပျက်စီးခဲ့သော အဆောက်အအုံများအနက် အဆောက်အအုံ ၁၀၂ လုံးမှာ အိုဖူနာတိုမြို့မှဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ထားသည်ဟု သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြင့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိ

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနား ပြည်နယ်တွင် မတ်လပထမပတ်က တောမီးလောင်ကျွမ်းမှုကို စတင်ဖန်တီးခဲ့သူဟုယူဆရသည့် အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း တောင်ကယ်ရိုလိုင်းနားပြည်နယ်ရဲတပ်ဖွဲ့၏ မတ် ၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ကယ်ရိုလိုင်းနားပြည်နယ် ကမ်းခြေမြို့တစ်မြို့ဖြစ်သော မက်တယ်လ်မြို့အနီး သစ်တောမြေ ၂၀၅၉ ဧက တောမီးလောင်ကျွမ်းမှုအတွက် သံသယရှိသော အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးကို တောမီးလောင်ကျွမ်းမှု ပေါ့ဆစွာစတင်ဖြစ်ပေါ်စေပြီး လူနှင့်ပစ္စည်းများ အန္တရာယ်ဖြစ်စေမှုဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလက်ဇန္ဒားဘီယာလူဆိုဟု အမည်ရသော အသက် ၄၀ အရွယ်ရှိ အဆိုပါစွပ်စွဲခံရသူ အမျိုးသမီးသည် ၎င်း၏အိမ်နောက်ဘက်တွင်ရှိသော အမှိုက်ပုံကို မီးရှို့ရာမှ စတင်၍ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း တောင်ကယ်ရိုလိုင်းနား သစ်တောကော်မရှင်က စွပ်စွဲထားပြီး မီးသုံးစွဲရာတွင် လိုအပ်သောကြိုတင်ကာကွယ်မှုများမပြုလုပ်ဘဲ ပေါ့လျော့စွာထိန်းသိမ်းမှုကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်း တောင်ကယ်ရိုလိုင်းနားပြည်နယ်တစ်ခုလုံးတွင် တောမီးလောင်ကျွမ်းမှုဖြစ်စဉ်ပေါင်း ၁၇၅ ခုဖြစ်ပွားခဲ့ပြီး လူအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဟင်နရီမက်မက်စတာက မတ် ၉ ရက်တွင် ပြောကြားခဲ့သည်။

Ref : Russia Today
Trs : AZH

# အင်္ဂလန်နိုင်ငံတွင် မိုးရွာသွန်းမှုမြင့်တက်ပြီး ဆိုးရွားသောရေဘေးဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**လန်ဒန် မတ် ၁၀**

အင်္ဂလန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးရွာသွန်းမှုနှုန်း မြင့်တက်လျက်ရှိပြီး အနာဂတ်တွင်လည်း ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EA)က သုတေသနရလဒ်များနှင့် တကွထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

လက်ရှိတွင် အင်္ဂလန်နိုင်ငံအတွင်း အခြေခံအဆောက်အအုံ ထက်ဝက်ခန့်မှာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရမည့်အခြေအနေဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် အခြေခံအဆောက်အအုံရှစ်သန်းခန့်ထိ ရေနစ်မြုပ်သွားဖွယ်ရှိနေကြောင်း၊ ရေလွှမ်းမှုဖြင့် အဓိက ရင်ဆိုင်ရဖွယ်ရှိနေသည့်ဧရိယာများမှာ စိုက်ပျိုးမြေများဖြစ်ပြီး လက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် စိုက်ပျိုးမြေအများစုမှာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ရေအောက်ရောက်သွားကာ စိုက်ပျိုးမှုများ ပြုလုပ်နိုင်ဖွယ်မရှိတော့ကြောင်း၊ ၂၀၅၀ ပြည့်နှစ် အရောက်တွင် ရေအောက်ရောက်ဖွယ်ရှိနေသည့် စိုက်ပျိုးမြေပမာဏမှာ ဧက ၂ ဒသမ ၈ သန်းခန့်ရှိပြီး ၎င်းပမာဏသည် အင်္ဂလန်နိုင်ငံ တစ်နိုင်ငံလုံးရှိ စိုက်ပျိုးမြေပမာဏ၏ ၁၃ ရာခိုင်နှုန်းထိရှိနေကြောင်း EA က



သုံးသပ်ထုတ်ပြန်ခဲ့သည်။

ရေအောက်ရောက်ဖွယ် ရှိနေသည့် အခြေခံအဆောက်အအုံပမာဏ၏ ၃၈ ရာခိုင်နှုန်းမှာ ဆက်သွယ်သွားလာရေးလမ်းများဖြစ်ပြီး မော်တော်ကားလမ်းများနှင့် မီးရထားလမ်းများဖြစ်ကြောင်း EA က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေ

**နယူးဒေလီ မတ် ၁၀**

အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်တွင် မတ် ၉ ရက်မှစ၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း India Meteorological Department (IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်သည် နှစ်စဉ် မတ်လတွင်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ အပူချိန်သည် ဆက်လက်မြင့်တက်သွားဖွယ်ရှိနေပြီး လာမည့် လေး၊ ငါးရက်အကြာတွင် အပူချိန်သည် ၂ ဒီဂရီစင်တီဂရိတ်မှ ၃ ဒီဂရီစင်တီဂရိတ်ထိ ဆက်လက်မြင့်တက်သွားနိုင်ကြောင်း၊ မြင့်တက်လျက်ရှိသည့် အပူချိန်ပမာဏသည် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့် အဆင့်မျိုးဖြစ်ကြောင်း၊ အပူချိန်မြင့်တက်နေစဉ် ကာလအတွင်း ရေဓာတ်ခန်းခြောက်မှု မဖြစ်စေရေးမှာ အရေးကြီးဆုံးဖြစ်သည့်အတွက် ရေများများသောက်ရန်လည်း အိုဒီရှာပြည်နယ် ဒေသခံများကို အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားကြောင်း India Meteorological Depart–ment (IMD) က ထုတ်ပြန်ခဲ့သည်။

"အိုဒီရှာပြည်နယ်မှာ ရာသီဥတုလွန်ကဲမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေတယ်။ အပူချိန်ပမာဏဟာ ဒေသတချို့မှာ ၃၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ် ရောက်ရှိနေပြီးတော့ ဒေသတချို့မှာတော့ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်"ဟု India Meteorological Department (IMD) က ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တရုတ်နိုင်ငံ ကျီရှီရှန်းခရိုင်အတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သော အိမ်ထောင်စုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်

**ပေကျင်း မတ် ၁၀**

တရုတ်နိုင်ငံ ကန်ဆူပြည်နယ် ကျီရှီရှန်းခရိုင်တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက လှုပ်ခတ်ခဲ့သော ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူ ရှိငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရသော အိမ်ထောင်စုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်များကို ကိုးကား၍ မတ် ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ကျီရှီရှန်းခရိုင်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး အိမ်ထောင်စု ၁၁၀၀၀၀ ကျော်သည် နေအိမ်အသစ်များသို့ ပြောင်းရွှေ့နေထိုင်နိုင်ခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နေအိမ်များအပြင် စာသင်ကျောင်း ၂၀၉ ကျောင်းကို ပြုပြင်ပေးခဲ့ပြီး ကျောင်းပေါင်း ၂၁ ကျောင်းကို အသစ်တည်ဆောက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်သည့် စီမံကိန်းအခု ၄၀ ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ကန်ဆူပြည်နယ်အတွင်းရှိ လင်းရှီယာဟွေးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ပြည်နယ်ဝန်ကြီးချုပ် ဟီဒေါင်က ယခုသီတင်းပတ်ကုန်ရက်အတွင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် လင်းရှီယာဟွေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘိုနန်၊ ဒုံးရှန်း၊ ဆားလားခရိုင်တို့ အပါအဝင် တိုင်းရင်းသားလူမျိုး ဆယ်မျိုးနေထိုင်ရာ အဆိုပါဒေသကို ပြင်းထန်စွာထိခိုက်မှုများဖြစ်ပေါ်စေခဲ့ပြီး လူဦးရေ ၂၄၀၀၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီးနေအိမ်ပေါင်း ၂၃၀၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# တရုတ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ

ယနေ့ခေတ်ကမ္ဘာ့ရေးရာများကို လေ့လာကြည့်လိုက်လျှင် တရုတ်နိုင်ငံ၏ အကြောင်းအရာများက ကျယ်ကျယ်ပြန့်ပြန့်နေရာယူထားသည်ကို တွေ့ရှိရသည်။ အရှေ့အာရှဒေသမှ တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးနှင့် စက်မှုလုပ်ငန်းများကို အစဉ်အဆက်အုပ်စိုးခဲ့သည့် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများကိုကျော်လွန်၍ ကမ္ဘာ့စီးပွားရေးထိပ်သီးနိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ယနေ့ တရုတ်နိုင်ငံတွင် လူဦးရေ သန်း ၁၄၀၀ ရှိသည်။ နိုင်ငံ့လူဦးရေအင်အားကလည်း တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခရာကျသည်။ နိုင်ငံ့ထုတ်ကုန်များကိုထုတ်လုပ်ပေးကြမည့်နိုင်ငံသားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုသည်လည်း နိုင်ငံတော်၏အဓိကတာဝန်တစ်ရပ်ဖြစ်သည်။

မျက်မှောက်ကာလ တရုတ်နိုင်ငံ၏ ကျန်းမာရေးအခန်းကဏ္ဍအတွက် အဓိက စိန်ခေါ်မှုကြီးလေးရပ်ရှိသည်။ ပထမစိန်ခေါ်မှုက မကူးစက်နိုင်သည့်ရောဂါကြီးများဖြစ်သည်။ ၎င်းရောဂါများ၏ ခြိမ်းခြောက်မှုက ငွေကြေးတောင့်တင်းသည့်နိုင်ငံများသာမက ချို့တဲ့သည့်နိုင်ငံများပါ ရင်ဆိုင်နေရသည့်ပြဿနာဖြစ်သည်။ ဒုတိယစိန်ခေါ်မှုက အသက်ကြီးရင့်သူဦးရေများပြားလာသည့်စိန်ခေါ်မှုဖြစ်သည်။ အသက်လူတို့သည် အသက်ကြီးလာလျှင် ရောဂါထူပြောလာသည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုစောင့်ရှောက်မှုများပိုမိုလိုအပ်လာသည်။ တတိယစိန်ခေါ်မှုက ဆေးကုသမှုကုန်ကျစရိတ်များ ကြီးမြင့်လာသည့်ပြဿနာဖြစ်သည်။ ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းများ အဆင့်မြင့်မားလာသကဲ့သို့ ၎င်းနည်းပညာများအတွက် ကုန်ကျစရိတ်သည်လည်း ပိုမိုများပြားလာသည်။ စတုတ္ထစိန်ခေါ်မှုက ရာသီဥတုပြောင်းလဲလာသည့်ပြဿနာဖြစ်သည်။

မကူးစက်နိုင်သောရောဂါကြီးများတွင် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောရောဂါများနှင့် ကင်ဆာရောဂါစသည်တို့ပါဝင်သည်။ ဆေးလိပ်သောက်သုံးခြင်း၊ လေထုထဲတွင် ညစ်ညမ်းသည့်အမှုန်သိပ်သည်းဆများနေခြင်း၊ သွေးတွင်းအချိုဓာတ်များနေခြင်း၊ ဆားသုံးစွဲမှုများခြင်းနှင့် ကိုယ်အလေးချိန်ပိုနေခြင်းတို့က မကူးစက်နိုင်သည့်ရောဂါကြီးများ၏ နောက်ခံအကြောင်းတရားများဖြစ်သည်။ ဥပမာပြရမည်ဆိုလျှင် အရွယ်ငယ်စဉ်ဘဝတွင် အဝလွန်ရောဂါဖြစ်နေခြင်းက ဘဝသက်တမ်းတစ်လျှောက် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ ၅၈ ရာခိုင်နှုန်းပိုမိုများပြားနေသည့်အချက်ကို ပြရပါမည်။ မျက်မှောက်ခေတ် တရုတ်နိုင်ငံတွင် ကလေးသူငယ်အဝလွန်ရောဂါဖြစ်ပွားမှု အလွန်များသည်။ အဝလွန်ခြင်းကိုရောဂါတစ်ရပ်ဟု သိနားလည်သူအလွန်နည်းပါးသည်။ ထို့ကြောင့် အဝလွန်ရောဂါကို ထိန်းချုပ်နိုင်ရန်အတွက် လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းကိုသာမက လူ့အဖွဲ့အစည်း၏ ခံယူချက်နှင့် အမူအကျင့်များကိုပါ ပြုပြင်ပြောင်းလဲကြရန် လိုအပ်သည်။

ကိုယ်အလေးချိန်ပိုနေခြင်းနှင့် အဝလွန်နေခြင်းတို့က ကမ္ဘာနှင့်တစ်ဝန်းရင်ဆိုင်နေကြရသည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ကလေးသူငယ်နှင့် မြီးကောင်ပေါက်အရွယ် ၉၃ ဒသမ ၁ သန်း၊ လူငယ်လူရွယ် ၈၀ ဒသမ ၆ သန်း၊ အရွယ်ရောက်ပြီးသူ အမျိုးသား ၃၄၂ သန်းနှင့် အမျိုးသမီး ၄၉၆ သန်းတို့မှာ အဝလွန်ရောဂါနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၅၀ ပြည့်နှစ်ရောက်သည့်အခါ ကမ္ဘာတစ်ဝန်း ကလေးသူငယ်နှင့် မြီးကောင်ပေါက်အရွယ် ၁၈၆ သန်း၊ လူငယ်လူရွယ် ၁၇၅ သန်း၊ အရွယ်ရောက်ပြီးသူ အမျိုးသား ၈၃၈ သန်းနှင့် အမျိုးသမီး သန်း ၁၁၁၀ တို့မှာ အဝလွန်နေကြမည်ဟု ခန့်မှန်းထားကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံပါဝင်သည့် အရှေ့အာရှဒေသ၊ တောင်အာရှဒေသနှင့် အာဖရိကအလယ်ပိုင်းနိုင်ငံများတွင် အဝလွန်သူဦးရေ အဆမတန်များပြားလာမည်ဟု ခန့်မှန်းထားသည်။

တရုတ်အမျိုးသားစာရင်းအင်းဌာနမှ ထုတ်ပြန်ချက်အရ အသက်ခြောက်နှစ်အောက် တရုတ်ကလေးငယ်များ၏ ၁၀ ရာခိုင်နှုန်းနှင့် အသက်ခြောက်နှစ်မှ ၁၇ နှစ်ကြား လူငယ်များ၏ ၂၀ ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန်ပိုနေသူ သို့မဟုတ် အဝလွန်နေသူများဖြစ်ကြောင်း သိရသည်။ လာမည့်နှစ်များတွင် ထိုကိန်းဂဏန်းများက ဆက်လက်မြင့်တက်နေမည့်အလားအလာရှိသည်။ တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်ကလည်း အဝလွန်ရောဂါများရှာဖွေဖော်ထုတ်ရေးနှင့် ကုသရေးလမ်းညွှန်ကို ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ ခုနှစ်အတွင်း တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ကလေးငယ်များကို အဝမလွန်စေရန် ထိန်းချုပ်သည့်လုပ်ငန်းသည် လူကြီးများကို အဝမလွန်စေရန်ထိန်းချုပ်သည့်လုပ်ငန်းကဲ့သို့ အောင်မြင်လေ့မရှိပေ။ ဝဝကစ်ကစ်နှင့်ကလေးငယ်များကို ရောဂါဖြစ်လာနိုင်ခြေများသူများဟု မည်သူမျှ မရှုမြင်နိုင်ကြပါ။ ချစ်စဖွယ်ကလေးငယ်များအဖြစ်သာ မြင်ကြသည်။ ထို့အတွက်ကြောင့်လည်း ကလေးသူငယ်အဝလွန်ရောဂါ မဖြစ်ပွားစေရေးအတွက် အများပြည်သူအပေါ် အသိပညာပေးလုပ်ငန်းများက အလွန်အရေးကြီးသည်။

ကလေးသူငယ်အဝလွန်ရောဂါသည် အဝလွန်နေသည့်မိခင်များမှ မွေးဖွားသည့်ကလေးငယ်များတွင် ပိုမိုဖြစ် ပွားသည်။ ကလေးဘဝတွင် အဝလွန်နေပါက အရွယ်ရောက်လာလျှင်လည်း ဆက်ပြီးအဝလွန်ရန် အလားအလာများပြီး ဆီးချိုနှင့် နှလုံးသွေးကြောရောဂါများကဲ့သို့ မကူးစက်တတ်သောရောဂါများဖြစ်ပွားမှုကိုလည်း အားပေးသည်။ တရုတ်နိုင်ငံအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝတာဝန်ယူပေးသည့်နိုင်ငံဖြစ်လာပြီးနောက် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုများမှာလည်း သိသိသာသာကျဆင်းနေခဲ့ပြီးဖြစ်သည်။ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အဝလွန်မိခင်လောင်းများ၏ ကျန်းမာရေးကို ကြိုတင်စောင့်ရှောက်ထိန်းညှိပေးခြင်း၊ ကိုယ်ဝန်ဆောင်ကာလ ကိုယ်အလေးချိန်ထိန်းညှိပေးခြင်းနှင့် ရင်သွေးငယ်များ အဝမလွန်စေရန် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများထည့်သွင်းနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

❖ တရုတ်သမ္မတရှီကျင့်ဖျင်၏ ကျန်းမာသောတရုတ်ပြည်(၂၀၃၀) မျှော်မှန်းချက်အောင်မြင်ရေးအတွက် တိုင်းတာသည့်ပေတံများအဖြစ် တရုတ်နိုင်ငံသားတို့၏ ပျမ်းမျှသက်တမ်း၊ ငါးနှစ်အောက်ကလေးသူငယ်သေဆုံးမှုနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်း၊ ကျန်းမာရေးဗဟုသုတပြည့်ဝမှုနှုန်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုကြသည့်နိုင်ငံသားဦးရေ၊ မကူးစက်နိုင်သည့်ရောဂါများကြောင့် အချိန်မတိုင်မီသေဆုံးမှုနှုန်း၊ လူဦးရေ ၁၀၀၀ အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့်ဆရာဝန်နှင့် သူနာပြုဦးရေ၊ သန့်ရှင်းသောလေနှင့်ရေရရှိနိုင်မှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ထည့်ဝင်ထားကြသည့်ငွေကြေးအရင်းအနှီးတန်ဖိုးစသည်တို့ကို ထည့်သွင်းထားသည်။ ❖

တရုတ်နိုင်ငံတွင် အသင့်ထုပ်ပိုးပြီးအစားအစာထုတ်လုပ်သည့်လုပ်ငန်း အလွန်ဖွံ့ဖြိုးသည်။ ထိုအသင့်ထုပ်ပိုးပြီးအစားအသောက်များ၏ ကျန်းမာရေးနှင့်ကိုက်ညီသည့် အာဟာရတန်ဖိုးနှင့် အရည်အသွေးကိုလည်းစောင့်ကြပ်ထိန်းညှိနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ထိုလုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် ပြည်သူ့ကျန်းမာရေးဌာနများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရအာဏာပိုင်အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်နိုင်ရန် လိုအပ်သည်။

တရုတ်နိုင်ငံအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်က ဆေးလိပ်နှင့် ဆေးရွက်ကြီးအလွန်အမင်းမှီဝဲမှုဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုအများဆုံးနိုင်ငံဖြစ်သည်။ ယနေ့တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သူ သန်း ၃၀၀ ကျော်ရှိနေသည်။ ၂၀၁၇ ခုနှစ်က ရှန်ဟိုင်းမြို့တွင် ဆေးလိပ်သောက်သုံးမှုကိုဥပဒေဖြင့်တားမြစ်ခဲ့ရာ ဆေးလိပ်သောက်သုံးသူ ၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် နေ့စဉ်ဆေးလိပ်သောက်သုံးမှုပမာဏ ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်းတွေ့ရှိရသည်။ ဆေးလိပ်သောက်သုံးမှုကို ပိတ်ပင်ခြင်းဖြင့် စီးပွားရေးအရ တိုးတက်မှုများရှိလာကြောင်း သုတေသနတွေ့ရှိချက်တချို့လည်းရှိနေသည်။ ယနေ့ တရုတ်နိုင်ငံမြို့ကြီးများတွင် အများနှင့်သက်ဆိုင်သောနေရာများနှင့် ရုံးဌာနများတွင် ဆေးလိပ်ကင်းစင်နယ်မြေများ တိုးချဲ့သတ်မှတ်လာကြသည်ကို တွေ့ရှိရသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပျမ်းမျှအပူချိန်သည် အမြင့်ဆုံး ၁၀ ဒသမ ၇၁ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိလာခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကြားကာလအတွင်း ပျမ်းမျှအပူချိန်ထက် သုညဒသမ ၈၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဒုတိယမိုးရွာသွန်းမှုအနည်းဆုံးနှစ်လည်းဖြစ်ခဲ့သည်။ တရုတ်နိုင်ငံသားများအတွက် အပူလှိုင်းများနှင့် ထိတွေ့ရသည့်အချိန်ပိုမိုများပြားလာခဲ့ပြီး အပူလှိုင်းဒဏ်ကြောင့် သေဆုံးမှုနှုန်းက နှစ်ဆမြင့်တက်လာခဲ့သည်။ မိုးခေါင်မှုများနှင့် ပူပြင်းခြောက်သွေ့သည့်နေ့ရက်များလည်း တစ်စတစ်စများပြားလာခဲ့သည်။ တောမီးလောင်ကျွမ်းမှုကလည်း လွန်ခဲ့သည့် နှစ် ၂၀ နှင့် နှိုင်းယှဉ်လိုက်လျှင် ၄၃ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ရန် ကမ္ဘာ့နိုင်ငံများစုပေါင်းလုပ်ဆောင်ကြရန်လိုအပ်သည်။ အိမ်တွင်းချက်ပြုတ်သည်ကအစ ထင်း၊ မီးသွေးစသည်တို့ကိုမသုံးဘဲ လျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့ကိုအသုံးပြုခြင်းဖြင့် ကာဗွန်ဓာတ်ငွေ့များလျော့နည်းစေရေး ဆောင်ရွက်ကြရန်ဖြစ်သည်။

၂၀၁၆ ခုနှစ်က တရုတ်သမ္မတရှီကျင့်ဖျင်သည် ကျန်းမာသောတရုတ်ပြည်(၂၀၃၀) Healthy China 2030 လမ်းပြမြေပုံကိုထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အခန်း ၂၉ ခန်းပါဝင်ပြီး ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ တရုတ်ဆေးဘက်ဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုကဏ္ဍ၊ အစားအစာနှင့် ဆေးဝါးလုံခြုံမှုကဏ္ဍများကို ထည့်သွင်းထားသည်။ အဆိုပါ လမ်းပြမြေပုံတွင် ဦးစားပေးမူဝါဒလေးရပ်အဖြစ် ကျန်းမာရေးကဏ္ဍဦးစားပေးအစီအစဉ်၊ တီထွင်ဆန်းသစ်မှုများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်မျှတမှု၊ တန်းတူရည်တူရှိမှုတို့ကို ဖော်ပြထားသည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ ကျန်းမာသောတရုတ်ပြည်(၂၀၃၀)မျှော်မှန်းချက် အောင်မြင်ရေးအတွက် တိုင်းတာသည့်ပေတံများအဖြစ် တရုတ်နိုင်ငံသားတို့၏ ပျမ်းမျှသက်တမ်း၊ ငါးနှစ်အောက်ကလေးသူငယ်သေဆုံးမှုနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်း၊ ကျန်းမာရေးဗဟုသုတပြည့်ဝမှုနှုန်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုကြသည့်နိုင်ငံသားဦးရေ၊ မကူးစက်နိုင်သည့်ရောဂါများကြောင့် အချိန်မတိုင်မီ သေဆုံးမှုနှုန်း၊ လူဦးရေ ၁၀၀၀ အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်နှင့် သူနာပြုဦးရေ၊ သန့်ရှင်းသောလေနှင့် ရေရရှိနိုင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ထည့်ဝင်ထားကြသည့် ငွေကြေးအရင်းအနှီးတန်ဖိုး စသည်တို့ကို ထည့်သွင်းထားသည်။

နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းသည် ဂေဟစနစ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဟန်ချက်ညီရပ်တည်ဖြစ်ပေါ်လေ့ရှိသည်။ တစ်ဖက်ကလည်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆင့်အတန်းကို အဆိုပါနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းဖြင့် ချိန်ဆတိုင်းတာလေ့ရှိကြသည်။ အိမ်နီးချင်းအင်အားကြီးနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လေ့လာစောင့်ကြည့်သင်ခန်းစာယူပြီး မိမိတို့နိုင်ငံ၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

**ကိုးကား**

- "Public health in China: challenges and prospects"from Lancet Dec, 2024

**ဒေါက်တာလှမ်းမိုးဟန်**

# ဂျပန်-မွန်ဂိုလီးယား ဆက်ဆံရေးအလားအလာ

**ဝင်းဇင်(သုတေသန)**

မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး ဘတ်စက်ဆက်ဘတ်မွန်ခါသည် နှစ်နိုင်ငံကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးကဲ့သို့သော နယ်ပယ်ပေါင်းစုံတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်ဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်ထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

အဆိုပါခရီးသည် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် ၂၀၂၂ ခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များကြား လက်မှတ်ရေးထိုးခဲ့သော ပူးတွဲကြေညာချက်ကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ဂျပန်နှင့်မွန်ဂိုလီးယားနိုင်ငံတို့အနေဖြင့် အခြေခံသဘောတရားအဆင့်မှသည် ခိုင်မာသောလှုပ်ရှားမှုများကို လက်တွေ့အကောင်အထည်ဖော်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး ဘတ်စက်ဆက်ဘတ်မွန်ခါသည် ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရု၊ အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဟာယာရှိယိုရှိမာဆာ၊ နိုင်ငံခြားရေးဝန်ကြီးချုပ် အီဝါယာတာကီရှိတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် သူသည် ဂျပန်ဧကရာဇ်အိမ်တော်အေဂျင်စီအကြီးအကဲ၊ ဝန်ကြီးချုပ်ဟောင်းဖူမီယိုကီရှီဒါ၊ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆာဆာကာဝါယိုဟီ၊ ဂျပန်ကြက်ခြေနီအသင်းဥက္ကဋ္ဌ အဆူရှီဆဲကီတို့အပါအဝင် အရေးကြီးပုဂ္ဂိုလ်များစွာနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဂျပန်နှင့်မွန်ဂိုလီးယားကိုယ်စားလှယ်များသည် ယူကရိန်းအရေးကဲ့သို့သော နိုင်ငံတကာရေးရာများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဂျပန်နိုင်ငံသည် ဂျပန်ပြည်သူများကို မြောက်ကိုရီးယား၏ပြန်ပေးဆွဲမှုနှင့်စပ်လျဉ်း၍ နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုအပြင် ဘတ်စက်ဆက်ထံမှ ထောက်ခံမှုရရှိရန်လည်း ကြိုးပမ်းခဲ့သည်။ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည် လေထုညစ်ညမ်းမှုဖြေရှင်းရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

မွန်ဂိုလီးယား နိုင်ငံခြားရေးဝန်ကြီးသည် ချစ်ကြည်ရေးခရီးစဉ် တစ်စိတ်တစ်ဒေသအနေဖြင့် မတ် ၁ ရက်တွင် ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ပြတိုက်သို့သွားရောက်ခဲ့ပြီး အဏုမြူဗုံးပေါက်ကွဲမှုတွင် အသက်ပေးဆပ်ခဲ့ရသူများအတွက် လွမ်းသူပန်းခွေများချကာ ဂါရဝပြုခဲ့သည်။ ဘတ်စက်ဆက်သည် ဟီရိုရှီးမားအုပ်ချုပ်ရေးမှူး ယူဇာကီဟီဒဲဟီကိုနှင့် တရားဝင်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် မွန်ဂိုလီးယားကိုယ်စားလှယ်အဖွဲ့သည် ဟီရိုရှီးမားတက္ကသိုလ်သို့လည်း သွားရောက်လေ့လာခဲ့ပြီး တက္ကသိုလ်ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘတ်စက်ဆက်သည် အူလန်ဘတောတွင် မွန်ဂိုလီးယားလေ့လာရေးဌာနထူထောင်ခြင်းအပါအဝင် ဟီရိုရှီးမားတက္ကသိုလ်နှင့် မွန်ဂိုလီးယားတက္ကသိုလ်တို့ကြား အပြန်အလှန်ဖလှယ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ချီးကျူးခဲ့သည်။

မတ် ၃ ရက်တွင် ကုလသမဂ္ဂတက္ကသိုလ်(UNU)သည် ဂျပန်နိုင်ငံရှိ မွန်ဂိုလီးယားသံရုံးနှင့် မိတ်ဖက်ဆောင်ရွက်ကာ "ကျား၊မ သာတူညီမျှမှုကို ဗဟိုပြုသည့် နိုင်ငံခြားရေးမူဝါဒကျင့်သုံးနေသော မွန်ဂိုလီးယားနိုင်ငံတွင် အမျိုးသမီးများ၊ ငြိမ်းချမ်းမှုနှင့် လုံခြုံမှု"ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကျင်းပခဲ့သည်။ ၎င်းစာတမ်းဖတ်ပွဲတွင် ဘတ်စက်ဆက်သည် အဖွင့်မိန့်ခွန်းပြောကြားခဲ့ရာ ပြည်တွင်းနှင့် ကမ္ဘာလုံးအတိုင်းအတာတွင် မွန်ဂိုလီးယားနိုင်ငံ၏ ကျား၊ မ သာတူညီမျှရပ်တည်မှုသမိုင်းကြောင်းကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး၏ ဂျပန်ခရီးစဉ် အဓိကရည်မှန်းချက်သည် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် အဆင့်မြင့်ပုဂ္ဂိုလ်များအပြန်အလှန်ချိတ်ဆက်မှုများမှတစ်ဆင့် မွန်ဂိုလီးယားနှင့် ဂျပန်နိုင်ငံတို့ကြား မဟာဗျူဟာမြောက်အပြန်အလှန်ယုံကြည်မှု ခိုင်မာအားကောင်းလာစေရန် ရည်မှန်းထားရှိပြီး စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို ဂျပန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်မျှော်မှန်းချက်နှင့်မွန်ဂိုလီးယား၏'တတိယအိမ်နီးချင်း'မူဝါဒ



မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံစဉ်။

တို့ နက်ရှိုင်းစွာချည်နှောင်မှုကို မြှင့်တင်ရန်ချိတ်ဆက်မှုအဖြစ် အသုံးပြုလျက်ရှိသည်။

အင်အားကြီး တရုတ်နှင့် ရုရှားနိုင်ငံတို့ကြား ကုန်းတွင်းပိတ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည့် မွန်ဂိုလီးယားနိုင်ငံသည် တစ်မူထူးခြားသောပထဝီနိုင်ငံရေးဆိုင်ရာဝန်းကျင်ကို ပိုင်ဆိုင်ထားရှိသည်။ မွန်ဂိုလီးယားနိုင်ငံသည် နယ်ပယ်ပေါင်းစုံ အထူးသဖြင့် ကုန်သွယ်မှုနှင့်ပို့ဆောင်ရေးတို့တွင် တရုတ်နှင့် ရုရှားတို့အပေါ် ကာလရှည်ကြာမှီခိုအားထားရလျက်ရှိသည်။ အဆိုပါ မှီခိုအားထားရမှုမှဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကို လျှော့ချနိုင်ရေးအတွက် မွန်ဂိုလီးယားနိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ 'တတိယအိမ်နီးချင်း'မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မွန်ဂိုလီးယားနိုင်ငံသည် အခြားသောနိုင်ငံများနှင့် သံခင်းတမန်ခင်းဆက်ဆံရေးကို တက်ကြွစွာတိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံသည် ၎င်း၏အဓိကမဟာမိတ်များအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်-မွန်ဂိုလီးယား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၅၀)ပြည့်နှစ်ပတ်လည်ဖြစ်ခဲ့သောကြောင့် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကို "ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုအတွက် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး" အဖြစ်သို့ မြှင့်တင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် နှစ်နိုင်ငံသည် ကာကွယ်ရေးပစ္စည်းများနှင့် နည်းပညာလွှဲပြောင်းမှု သဘောတူညီချက်နှင့်စပ်လျဉ်း၍ စတင်ညှိနှိုင်းဆောင်ရွက်ခဲ့သောကြောင့် ဘတ်စက်ဆက်၏ခရီးစဉ်အတွင်း လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အဓိကခေါင်းစဉ်များအနက်မှတစ်ခုပင်ဖြစ်လာခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံသည် ပြည်တွင်းအခြေခံအဆောက်အအုံတည်ဆောက်မှုမြှင့်တင်ရေး ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ(ODA)ကို မျှော်လင့်လျက်ရှိသည်။ သာဓကအနေဖြင့် ဂျပန်နိုင်ငံသည် ချင်ဂျစ်ခန်(ChinggisKhaan) နိုင်ငံတကာလေဆိပ်တိုးချဲ့မှုစီမံကိန်း၌ ရန်ပုံငွေထူထောင်ပေးထားသည်။ ၎င်းစီမံကိန်းသည် လေဆိပ်၏လုပ်ငန်းလည်ပတ်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့်အပြင် ပြင်ပကမ္ဘာကြီးနှင့် ချိတ်ဆက်မှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ အခြေခံအဆောက်အအုံတည်ဆောက်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် မွန်ဂိုလီးယားနိုင်ငံသည် တရုတ်နှင့်ရုရှားနိုင်ငံတို့အပေါ် စီးပွားရေးအရ မှီခိုအားထားနေရမှုလျှော့ချရန်၊ အမျိုးမျိုးသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံတည်ဆောက်ရန်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ပိုင်ခွင့်နှင့် ရပ်တည်နိုင်မှုတို့မြှင့်တင်သွားရန် ရည်မှန်းထားရှိသည်။

လုံခြုံရေးနယ်ပယ်တွင် မွန်ဂိုလီးယားနိုင်ငံသည် ဂျပန်နိုင်ငံနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အဆင့်မြင့်ကာကွယ်ရေးပစ္စည်းများနှင့် နည်းပညာများရရှိရန် မျှော်မှန်းထားရှိသည်။ ၂၀၂၄ ခုနှစ်တွင်အဆိုပြုထားသော ကာကွယ်ရေးပစ္စည်းနည်းပညာလွှဲပြောင်းပေးရေး သဘောတူညီချက်သည် မွန်ဂိုလီးယားနိုင်ငံအတွက် အရေးပါသောခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် သိမ်မွေ့ရှုပ်ထွေးပြီး စဉ်ဆက်မပြတ်ပြောင်းလဲဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေးဆိုင်ရာအခြေအနေတို့နှင့် ရင်ဆိုင်နေရသောကြောင့် မွန်ဂိုလီးယားနိုင်ငံသည် ၎င်း၏စစ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန်၊ ကိုယ်ပိုင်အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးလုပ်ပိုင်ခွင့် ခိုင်မာအားကောင်းရန်နှင့် အလားအလာရှိသော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို ပိုမိုတုံ့ပြန်နိုင်ရန် ပြည်ပအင်အားစုများ၏အရှိန်အဝါကို မျှော်မှန်းလျက်ရှိသည်။

ဂျပန်နှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် ပထဝီနိုင်ငံရေးအရ ဝေးကွာလျက်ရှိသော်လည်း ဂျပန်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံကို အင်ဒို-ပစိဖိတ်မဟာဗျူဟာ၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် သဘောထားလျက်ရှိသည်။ အထူးသဖြင့် ဂျပန်နိုင်ငံသည် စီးပွားရေးပံ့ပိုးမှု၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မွန်ဂိုလီးယားနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အပြည့်အဝပံ့ပိုးကူညီလျက်ရှိသည်။ ဂျပန်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံကို ပံ့ပိုးကူညီခြင်းအားဖြင့် အလယ်အာရှတွင် ၎င်း၏လွှမ်းမိုးမှုတိုးချဲ့ရန်နှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် မျှော်မှန်းချက်မြှင့်တင်ရေးအတွက် အခြေအနေကောင်းများဖန်တီးသွားရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံကို တရားဝင်လုံခြုံရေးအကူအညီနှင့် ကာကွယ်ရေးပစ္စည်းများလွှဲပြောင်းပေးမှုမှတစ်ဆင့် စစ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ပေးရန် စီစဉ်ထားရှိသည်။ ထိုမှတစ်ဆင့် မွန်ဂိုလီးယားနိုင်ငံသည် တရုတ်နှင့် ရုရှားနိုင်ငံတို့အပေါ်မှီခိုနေရမှု လျှော့ချသွားနိုင်မည်ဖြစ်သည်။ ၎င်းအစီအမံများသည် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်လုံခြုံရေးအကျိုးစီးပွားများနှင့် ကိုက်ညီလျက်ရှိသည့်အပြင် အရှေ့မြောက်အာရှတွင် ဂျပန်နိုင်ငံ၏ မဟာဗျူဟာမြောက်အခင်းအကျင်းကိုလည်း အထောက်အကူဖြစ်စေလျက်ရှိသည်။ ဂျပန်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ ယိမ်းယိုင်မှုများကို လွှမ်းမိုးဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းအာဏာဟန်ချက်ထိန်းညှိမှုတွင် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည့်အပြင် မဟာဗျူဟာမြောက်ရပ်တည်ချက်ကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံသည် သဘာဝအရင်းအမြစ်မြောက်မြားစွာပိုင်ဆိုင်ထားရှိပြီး အခြေခံအဆောက်အအုံတည်ဆောက်မှုအတွက် လိုအပ်ချက်များစွာရှိနေပြီး ဂျပန်ကုမ္ပဏီများကို ဈေးကွက်များစွာရရှိစေမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ(ODA)နှင့် စီးပွားရေးဆိုင်ရာမိတ်ဖက်သဘောတူညီချက်များမှတစ်ဆင့် မွန်ဂိုလီးယားရှိ ဂျပန်ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုချဲ့ထွင်နိုင်မည်ဖြစ်သောကြောင့် ပြည်ပဈေးကွက်များချဲ့ထွင်ခြင်း၊ စီးပွားရေးအကျိုးအမြတ်များရရှိခြင်းနှင့် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်းတို့ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဘတ်စက်ဆက်သည် ဂျပန်ဧကရာဇ်အိမ်တော်အကြီးအကဲနှင့်တွေ့ဆုံဆွေးနွေးစဉ် ဂျပန်ဧကရာဇ်နာရူဟီတိုနှင့် မိဖုရားမာဆာကိုတို့သည် လာမည့်ဇူလိုင်လတွင် မွန်ဂိုလီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ခဲ့သည်။ ဂျပန်ဧကရာဇ်နာရူဟီတိုသည် အိမ်ရှေ့စံမင်းသားဘဝ၌ ၂၀၀၇ ခုနှစ်တွင် မွန်ဂိုလီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ မွန်ဂိုလီးယားအစိုးရ၏ ဖိတ်ကြားမှုသည် အကြီးမားဆုံးရိုးရာပွဲတော်ဖြစ်သည့် Naadam Festival နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ ၎င်းပွဲတော်သို့ ဂျပန်ဧကရာဇ်၏တက်ရောက်မှုသည် မွန်ဂိုလီးယားယဉ်ကျေးမှုအပေါ် ဂျပန်နိုင်ငံ၏အလေးထားမှုကို ပြသလျက်ရှိသည်။

ဂျပန်နိုင်ငံသည် နှစ်နိုင်ငံပြည်သူများကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်၊ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးအတွက် ပြည်သူလူထု၏ထောက်ခံမှု ပိုမိုခိုင်မာစေရန်နှင့် နှစ်နိုင်ငံကြားယဉ်ကျေးမှုဖလှယ်ခြင်းတို့ မြှင့်တင်ရန် ရည်မှန်းထားရှိသည်။ ထို့ကြောင့် ဂျပန်ဧကရာဇ်၏ မွန်ဂိုလီးယားခရီးစဉ်သည် ယဉ်ကျေးမှုဖလှယ်ခြင်း၊ သမိုင်းကြောင်းဆိုင်ရာအထိမ်းအမှတ်ပွဲတော်ကျင်းပခြင်းနှင့် နက်ရှိုင်းသောသံတမန်ဆက်ဆံရေးတို့အတွက် အထောက်အကူပြုစေမည်ဖြစ်ပေသည်။

**ကိုးကား**

– Why Did Mongolia's Foreign Minister Visit Japan? By The Diplomat.

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** — ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** — ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** — တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** — စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** — ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** — ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** — ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** — တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** — စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** — ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** — ဒုတိယဆု
မနေသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** — တတိယဆု
အောင်နိုင်သူ(ဖွံ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** — စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** — ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** — အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ပည်းမော်ကွန်း တည်စေညွှန်း** — အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** — ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** — ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** — စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** — ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** — အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** — အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** — အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** — ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** — တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** — စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** — ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** — အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** — အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** — အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** — ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** — ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** — တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** — စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲဝံ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** — ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** — အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** — အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွေးပျံ့နေသည်** — အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** — ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** — ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** — တတိယဆု
လှမောင်(ဝိရောဓိ)

၄။ **အဋ္ဌဝါထက်က ပန်းပျိုးလက်** — စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** — ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** — အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှပျိုနေသည့် ဥဒါန်းစကား** — အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** — အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** — ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** — တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** — စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** — ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** — အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** — အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** — အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**




## မန္တလာမြေအိမ်ခြံမြေနှင့် မြေယာသင်တန်းအမှတ်စဉ်(၄)

(၁) မြေအမျိုးအစား၊ ဂရန်သစ်၊ မြေငှားဂရန်လျှောက်ထားမှု၊ ဂရန်အမည်ပြောင်း၊ ဘိုးဘအမည်ပယ်ဖျက်၊ ဖြည့်စွက်၊ ဂရန်သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ မြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ။

(၂) လယ်ယာမြေ (၂၀၁၂)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် အမည်ပြောင်းများ။

(၃) အာမခံကိစ္စ၊ ဘဏ်ကိစ္စရပ်များ။

အထက်ပါအကြောင်းအရာများ သင်တန်းသားများ သိသင့်သိထိုက်သော မြေအကြောင်းသိကောင်းစရာများကို ဦးအေးကျော်မြင့်(ဌာနမှူး၊ မြေယာ-ငြိမ်း၊ ကော်လိတ္တော်အရာရှိ-ငြိမ်း)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဦးမြင့်ဆွေ(သစ်တောဝန်ကြီးဌာန-ငြိမ်း)၊ လုပ်သက်ရင့်နည်းပြဆရာ(အာမခံလုပ်ငန်း)တို့က သင်ကြားပို့ချပါမည်။ (၁၃၀၀၀၀ိ/)

**သင်တန်းဖွင့်မည့်ရက် (၂၄-၃-၂၀၂၅)ရက်မှ (၇-၄-၂၀၂၅)ရက်အထိ**

**နံနက် (၈)နာရီမှ (၁၀)နာရီအထိ**

**ဆက်သွယ်ရန်နှင့် သင်တန်းနေရာ**

**သရက်ကုန်း၊ မဟာဓေယျာဘုံ၊ ၅၆ လမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြား၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၀၁၈၇၆၊ ၀၉-၂၀၁၉၆၅၅**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ-၆၊ ရပ်ကွက်(၁၂)နေ နန်းငွေထွန်း (ဘ) ဦးဆွယ်ခမ်း(၁၃/လရန(နိုင်)၀၃၅၉၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၁၉၉၃၇၀

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နေ မဆုသဇ္ဇာသွယ် (ဘ) ဦးစိန်ထွန်း(၅/မရန(နိုင်)၂၆၁၃၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၈၆၀၅၀၈၈

## ဖခင်အမည်မှန်


မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ရွှေလရောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းဇော်ဖြစ်ပါကြောင်း။ **ဦးမင်းဇော်(၉/ပကခ(နိုင်)၀၀၈၄၃၁**

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ ခိုရောင်းကျေးရွာ အမကကျောင်းတွင် မူလတန်းကျောင်းအုပ် တာဝန်ထမ်းဆောင်နေသော (ဘ) ဦးမောင်၏သား ဦးဖုန်းကျော်(၉/အမရ(နိုင်)၀၃၆၆၀၀) မွေးသက္ကရာဇ်အမှန်မှာ ၁၂-၂-၁၉၆၄ ဖြစ်ပါကြောင်း။ **ဦးဖုန်းကျော်(၁၂-၂-၁၉၆၄)**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဂရိတ်ဖရသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူပိုမိုစွန့်ထုတ်ရလာပြီး အဆုတ်ကို သန့်စင်စေသည်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**❖ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့




အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မတ် ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီ ဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန် ဆောင်ရွက်ခဲ့မှုကို ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၃

## British Boxing Board of Control Awards ဆုကို IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဒူဘွိုက်စ် ဆွတ်ခူး

လန်ဒန် မတ် ၁၀

ဗြိတိန်နိုင်ငံအခြေစိုက် British Boxing Board of Control (BBBofC)အဖွဲ့က ချီးမြှင့်သော ၂၀၂၄ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆုဖြစ်သည့် British Boxing Board of Control Awards ဆုကို ဗြိတိန်လက်ဝှေ့သမား IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဒူဘွိုက်စ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဒူဘွိုက်စ်သည် ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်တွင် ခရိုအေးရှားလက်ဝှေ့သမား ဟာဂိုဗစ်ကို အနိုင်ရရှိကာ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဖြစ်လာခဲ့ပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ❑



Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You










ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉